ကြေးမုံ
The Mirror

၁၃၆၈ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၁ ရက်၊ အင်္ဂါနေ့၊ (13-3-2007) (၅၂၆၀)

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် မဲဇာချောင်း(ဒိုးပင်ရွာ) တံတားဖွင့်ပွဲ အခမ်းအနား တက်ရောက်အားပေး ခရိုင်ချင်းဆက်လမ်း အမှတ်(၃)တွင် အရေးပါဆုံး တံတားတစ်စင်းဖြစ်

နေပြည်တော်　　　မတ်　　　၁၂

စစ်ကိုင်းတိုင်း ကသာခရိုင် ထီးချိုင့်မြို့နယ် ခရိုင်ချင်းဆက်လမ်း အမှတ်(၃)လမ်းပေါ်ရှိ မဲဇာချောင်း(ဒိုးပင်ရွာ) တံတားဖွင့်ပွဲ အခမ်းအနားကို မတ် ၁၀ ရက် ညနေပိုင်းတွင် အဆိုပါတံတားအနီးရှိ မင်္ဂလာမဏ္ဍပ်၌ကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် တက်ရောက်အားပေးပြီး မဲဇာချောင်း(ဒိုးပင်ရွာ) တံတားဖွင့်ပွဲဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

တံတားဖွင့်ပွဲ အခမ်းအနားသို့ စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေး၊ တပ်မတော်အရာရှိကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ကသာခရိုင်အတွင်းရှိ ခရိုင်နှင့် မြို့နယ် **စာမျက်နှာ ၈ ကော်လံ ၁ သို့** ✻

စက်ခလုတ်နှိပ် ဖွင့်လှစ်ပေး

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် ထီးချိုင့်မြို့နယ် မဲဇာချောင်း(ဒိုးပင်ရွာ) တံတားဖွင့်ပွဲ မှတ်ဦးဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ လှိုင်သာယာမြို့နယ် သာသနာပြုကျောင်း နှစ်ထပ်ကျောင်းဆောင်သစ် ဆောက်လုပ်ရေး အလှူငွေပေးအပ်ပွဲ တက်ရောက်ချီးမြှင့်

ရန်ကုန်　　　မတ်　　　၁၂

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ယနေ့မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြောက်ပိုင်းခရိုင် လှိုင်သာယာ မြို့နယ် အမှတ်(၁၁)ရပ်ကွက် သိမ်တော်ကြီးလမ်းရှိ သာသနာပြုကျောင်း ဘုန်းတော်ကြီးပညာသင် နှစ်ထပ်ကျောင်းဆောင်သစ် ဆောက်လုပ်ရေး အလှူတော်ငွေ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားသို့ တက်ရောက်ချီးမြှင့်ပြီး အလှူတော်ငွေများကို လက်ခံသည်။

အလှူတော်ငွေ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားသို့ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဓမ္မိကာရာမ ကျိုက်ပိကျောင်း ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ဂုဏောသန အမှူးပြုသော ဆရာတော် သံဃာတော် အရှင်သူမြတ်များ ကြွရောက်တော်မူကြပြီး ရန်ကုန်တိုင်း အေးချမ်းသာယာရေး နှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှငွေးဝင်း၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ အတွင်းရေးမှူး ဦးလှစိုး၊ ရန်ကုန်မြောက်ပိုင်းခရိုင်နှင့် လှိုင်သာယာမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ တာဝန်ရှိသူများနှင့် အလှူရှင်များ တက်ရောက်ကြည်ညိုကြသည်။

အခမ်းအနားတွင် ရှေးဦးစွာ နိုင်ငံတော် သံဃမဟာနာယက အဖွဲ့ ဒုတိယဥက္ကဋ္ဌ ဓမ္မိကာရာမ ကျိုက်ပိကျောင်းဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဂုဏောသန ထံမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ တိုင်းမှူးနှင့် ပရိသတ်များက ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

ယင်းနောက် ဆရာတော် သံဃာတော် အရှင်သူမြတ်များ အား ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် အလှူရှင်များဖြစ်ကြသော လှိုင်သာယာစက်မှုမြို့မှ စက်မှုလုပ်ငန်းရှင်များက ငွေကျပ်သိန်း ၅၀တန် သံချောင်း ခုနစ်တန်၊ လှိုင်သာယာမြို့နယ် **စာမျက်နှာ ၉ ကော်လံ ၁ သို့** ❁

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- ✻ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
- ✻ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ✻ ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✻ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- ✻ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✻ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ✻ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✻ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- ✻ တစ်မျိုးသားလုံး၏စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- ✻ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
- ✻ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✻ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ယနေ့ မိုးလေဝသ ၁၃-၃-၂၀၀၇

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ သာယာမည်။

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ
The Mirror
၁၃-၃-၂၀၀၇
(အင်္ဂါနေ့)

ကျောက်မျက်ကျောက်စိမ်းများ တိုးတက်ထုတ်လုပ်ရောင်းချ

ကျောက်မျက်ရတနာများအနက် မြန်မာ့ကျောက်စိမ်းသည် လူကြိုက်များ အရောင်းသွက်သည့် ရတနာဖြစ်သည်။ အာရှဒေသတွင် မြန်မာနိုင်ငံသည် အရည်အသွေးကောင်းသော ကျောက်စိမ်းအများဆုံး ထုတ်လုပ်ရောင်းချလျက်ရှိသော နိုင်ငံဖြစ်သည်။

နိုင်ငံတော်က နှစ်စဉ် မြန်မာ့ကျောက်မျက်ရတနာပြပွဲများကျင်းပ၍ ကျောက်စိမ်းအပါအဝင် ပတ္တမြား၊ နီလာ၊ ပုလဲ စသည့် ကျောက်မျက်ရတနာများကို ခင်းကျင်းပြသ ရောင်းချလျက်ရှိသည်။ ၂၀၀၇ ခုနှစ် (၄၄)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲကို ရန်ကုန်မြို့၌ ကျင်းပလျက်ရှိရာ မတ်လ ၁၁ ရက်နေ့အထိ ပြည်တွင်း၊ ပြည်ပမှ ရတနာကုန်သည် ၃၁၅၈ ဦး လာရောက်ကြည့်ရှုလေ့လာလျက်ရှိသည်။

ယခုအခါ ကျောက်မျက်ရတနာ ထုတ်လုပ်ရောင်းဝယ်ရေးလုပ်ငန်း တိုးတက်လာမှုနှင့်အတူ ပြည်ပ ဝယ်လိုအားလည်း များပြားလာကြောင်း တွေ့ရသည်။ ကျောက်မျက်ရတနာများသည် နိုင်ငံတော်ပိုင် သဘာဝအရင်းအမြစ် သယံဇာတများဖြစ်ရာ ကျောက်မျက်တူးဖော် ရောင်းဝယ်လုပ်ကိုင်သူများအနေဖြင့် နိုင်ငံတော်နှင့် မိမိတို့အကျိုးစီးပွားမျှတစွာ ဖြစ်ထွန်းရေး စနစ်တကျ လုပ်ကိုင်ဆောင်ရွက်သွားကြရမည် ဖြစ်သည်။

ကျောက်မျက်တူးဖော်ထုတ်လုပ်သူများ၊ ရတနာလုပ်ငန်းရှင်များသည် သတ်မှတ်ကျောက်မျက် လုပ်ကွက်များ၌ သဘာဝပတ်ဝန်းကျင် ပျက်ယွင်းမှုမရှိစေရေး၊ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေး ဂရုပြုလုပ်ကိုင်ကြရန် လိုအပ်သကဲ့သို့ မိမိတို့ တူးဖော်ထုတ်လုပ်ရရှိသည့် ကျောက်မျက်ရတနာများကို နိုင်ငံတော်က ခင်းကျင်းပြသသည့် ရတနာပြပွဲများ၌ တင်ပြရောင်းချရေးကိုလည်း အလေးထားကြရမည်ဖြစ်သည်။

မြန်မာ့ကျောက်မျက်ရတနာများသည် အရည်အသွေးကောင်းပြီး ဈေးကွက်ရှိနေပြီဖြစ်ရာ ရတနာများအား အရိုင်းတုံးအလိုက် ကုန်ကြမ်းအဖြစ် ရောင်းချခြင်းထက် နှစ်သက်ဖွယ်ရာ တန်ဖိုးမြှင့် ကုန်ချောပစ္စည်းများ ထုတ်လုပ်ရောင်းချပါက အကျိုးဖြစ်ထွန်းမှု ပိုမိုရရှိနိုင်မည် ဖြစ်သည်။

နိုင်ငံတော်က ကျောက်မျက်ရတနာ တူးဖော်ထုတ်လုပ်ရောင်းဝယ်ရေးလုပ်ငန်းများကို အဘက်ဘက်က ပံ့ပိုးကူညီပေးလျက်ရှိရာ ပုဂ္ဂလိက၊ ကုမ္ပဏီ၊ သမဝါယမအသင်းများအနေဖြင့် မြန်မာ့ကျောက်မျက်ရတနာဥပဒေ၊ နည်းဥပဒေ စည်းကမ်းများနှင့်အညီ စနစ်တကျ တူးဖော်ထုတ်လုပ်ပြီး ကျောက်မျက်ရတနာပြပွဲကြီးများတွင် တင်ပြရောင်းချကြခြင်းဖြင့် မြန်မာ့ကျောက်မျက်ရတနာလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါသည်။ ။

မန္တလေးတိုင်းဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာတွင် ဆောက်လုပ်နေဆဲဖြစ်သည့် ပညာသင်မြန်မာရဟန်းတော်များအဖွဲ့ပိုင် သုံးထပ်ကျောင်း ပညာရေးဗိမာန်တော်ကြီးအတွက် ရန်ကုန်မြို့ လမ်းမတော်မြို့နယ် (၇)လမ်းနေ အလှူရှင် ဦးချစ်အောင်-ဒေါ်တင်မြ(နဂါးသက်န်းတိုက်) မိသားစုက ငွေကျပ် ၃၀၀၀၀၀ ကို ကျောင်းတော်ကြီးဖြစ်မြောက်ရေး အကျိုးတော်ဆောင် အထွေထွေအတွင်းရေးမှူး ဒေါ်မြရှင် (သီရိသုမင်္ဂလာသီဂီ)ထံ ပေးအပ်လှူဒါန်းစဉ်။

(က-ပ)

ပြည်သူ့သဘောထား

- ★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ရုံးလုပ်ငန်းကျွမ်းကျင်မှု မွမ်းမံသင်တန်းဖွင့်

နေပြည်တော် မတ် ၁၂

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ရုံးလုပ်ငန်းကျွမ်းကျင်မှု မွမ်းမံသင်တန်းအမှတ်စဉ်(၂/၂၀၀၇)ဖွင့်ပွဲကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်း တက်ရောက်၍ အမှာစကားပြောကြားသည်။ (အပေါ်ပုံ)

အဆိုပါသင်တန်းဖွင့်ပွဲသို့ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးလှသိန်းဆွေ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးကျော်ကျော်မောင်၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနရှိ ဦးစီးဌာန၊ လုပ်ငန်းဌာနများမှ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ သင်တန်းနည်းပြများနှင့် သင်တန်းသားများ တက်ရောက်ကြသည်။

အစီအစဉ်အရ ဝန်ကြီး ဗိုလ်ချုပ်လှထွန်းက အမှာစကားပြောကြားရာတွင် ယခုဖွင့်လှစ်သည့် ရုံးလုပ်ငန်းကျွမ်းကျင်မှု မွမ်းမံသင်တန်းတွင် သင်ကြားပို့ချပေးမည့် ဘဏ္ဍာရေးနှင့် အခွန်ဆိုင်ရာ ပညာရပ်များကို အလေးအနက်ထား လေ့လာသွားကြရန်လိုအပ်ကြောင်း၊ သင်တန်းမှ လေ့လာသင်ကြားပေးလိုက်သည့် ဘာသာရပ်များကို အသုံးချကာ ပြည်သူကို အလုပ်အကျွေးပြုသွားကြရန် လိုအပ်ကြောင်း၊ ပြည်သူများ ယုံကြည်အားကိုးရသော ဝန်ထမ်းကောင်းများအဖြစ် ရပ်တည်နိုင်စေရန် ကြိုးပမ်းသွားကြရန်ဖြစ်ကြောင်း၊ နိုင်ငံတော်ကို တာဝန်သိသိ သစ္စာရှိရှိ အလုပ်အကျွေးပြုသွားကြရန် လိုအပ်ကြောင်း စသည်ဖြင့် အကျယ်တဝင့် မှာကြားသည်။

လုပ်ထုံးလုပ်ငန်း

အဆိုပါရုံးလုပ်ငန်းကျွမ်းကျင်မှုမွမ်းမံသင်တန်းတွင် သင်တန်းသား ၅၈ဦးသည် ဘဏ္ဍာရေးနှင့် အခွန်ဆိုင်ရာ လုပ်ငန်းတာဝန်များ၊ လုပ်ထုံးလုပ်နည်းများ၊ ဥပဒေစည်းမျဉ်းများကို ရက်သတ္တလေးပတ်ကြာ သင်ကြားကြမည် ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

Mo Asia Company Ltd-Dumexမှ မန်နေဂျင်းဒါရိုက်တာ ဦးပီတာမိုးကျော် မြန်မာနိုင်ငံဆရာဝန်အသင်း(ဗဟို)သားဖွားနှင့်မီးယပ် ပညာရှင်များအဖွဲ့နှင့် Mo Asia Company Ltd-Dumexတို့ ပူးပေါင်းကျင်းပသော ဆေးပညာ နှီးနှောဖလှယ်ပွဲတွင် အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)



Dumex Medical Seminar ကျင်းပ

ရန်ကုန် မတ် ၁၂

မြန်မာနိုင်ငံဆရာဝန်အသင်း (ဗဟို) သားဖွားနှင့်မီးယပ် ပညာရှင်များအဖွဲ့နှင့် Mo Asia Company Ltd-Dumex တို့ ပူးပေါင်းကျင်းပသော ဆေးပညာနှီးနှောဖလှယ်ပွဲ (Dumex Medical Seminar)ကို မတ် ၁၀ ရက် နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ကုန်သည်ကြီးများဟိုတယ်၌ ကျင်းပသည်။

ရှေးဦးစွာ Mo Asia Company Ltd-Dumexမှ မန်နေဂျင်းဒါရိုက်တာ ဦးပီတာမိုးကျော်က အဖွင့် အမှာစကားပြောကြားသည်။

ယင်းနောက် Mo Asia Company Ltd-Dumex မန်နေဂျင်းဒါရိုက်တာ ဦးပီတာမိုးကျော်က မြန်မာနိုင်ငံဆရာဝန်အသင်းနှင့် သားဖွားမီးယပ် ပညာရှင်အဖွဲ့များသို့ ငွေကျပ်နှစ်သိန်းစီကို ပေးအပ်လှူဒါန်းရာ မြန်မာနိုင်ငံဆရာဝန်အသင်း ဒုတိယဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာအက်စ်ကျော်လှနှင့် သားဖွားမီးယပ်ဆေးပညာရှင်အဖွဲ့နာယက ပါမောက္ခ ဒေါက်တာဒေါ်မြမြတို့က လက်ခံရယူကြပြီး ကျေးဇူးတင်စကား ပြန်လည်ပြောကြားကြသည်။

ထို့နောက် မြောက်ဥက္ကလာပဆေးရုံကြီးတွင် ဆောင်ရွက်ခဲ့သော Assisting Subfertile Couple အကြောင်းကို မြောက်ဥက္ကလာပဆေးရုံကြီးမှ သားဖွားနှင့် မီးယပ်အထူးကုဆရာဝန်ကြီး ဒေါက်တာ ဒေါ်ကြည်ကြည်ညွန့်က ဆွေးနွေးတင်ပြပြီး စင်ကာပူနိုင်ငံ Thomson Medical Center မှ Executive Deputy Chairman & Directorဖြစ်သူ Dr. Cheng Li Chang က In Vitro Fertilization Simplification နှင့် New Protocols for Ovarian Stimulation in In Vitro Fertilization အကြောင်းကို ဆွေးနွေးပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသူများက သိလိုသည့်အချက်အလက်များကိုမေးမြန်းကြရာ ဆရာဝန်ကြီးများက ပြန်လည်ဖြေကြားကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။(သတင်းစဉ်)

မတ် ၃ ရက်က ဒဂုံမြို့သစ် (အရှေ့ပိုင်း) မြို့နယ် အမက(၁)တွင် ၂၀၀၆ – ၂၀၀၇ ပညာသင်နှစ် မိဘဆရာအသင်း အစည်းအဝေးနှင့် ပညာရည်ချွန် ဆုပေးပွဲ ကျင်းပရာ သူငယ်တန်းမှ စတုတ္ထတန်းအထိ ငါးနှစ်ဆက်တိုက် ပထမဆု၊ စတုတ္ထတန်း ဘက်စုံ ပထမဆုရရှိသော မခင်သူဇာဟန်အား ကျောင်းအုပ်ဆရာမကြီး ဒေါ်နွယ်နွယ်ကြူ ဆုချီးမြှင့်စဉ်။ (၆၃)

မိုးကုတ်ဝိပဿနာ တရားစခန်း

ရန်ကုန် မတ် ၁၂

ရန်ကုန်တိုင်း မြောက်ဥက္ကလာပမြို့နယ် (၄)ရပ်ကွက် မနောသုခကျောင်းတိုက် မိုးကုတ်အဖွဲ့ခွဲ(၁၂၅)တွင် ပဓာနနာယကအဖွဲ့ချုပ် ဓမ္မကထိကဆရာတော် ဘဒ္ဒန္တပရမကြီးမှူး၍ ဧပြီ ၁၀ ရက်မှ ၁၇ ရက်အထိ ပဋိစ္စသမုပ္ပာဒ်သင်တန်းပြ ဆရာကြီး ဦးကျော်မင်း၊ ဆရာမကြီး ဒေါ်ဝဏ္ဏသီဂီနှင့် ကထိက သစ္စာရဲမင်း (ဘီအက်စ်စီ)တို့က မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ဟောကြားပြသမည်ဖြစ်ရာ တရားစခန်းဝင်လိုသောယောဂီများ ဧပြီ ၁၀ ရက် ဝင်ရောက်ကြရမည်ဖြစ်ပြီး ဖုန်း-၀၉ ၅၁၀၅၅၈၃ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(က-ပ)

နှလုံးသွေးကြောကျဉ်းရောဂါ သတိပြုဆင်ခြင်ဖွယ်ရာ

ပါမောက္ခ ဒေါ်ခင်မေစန်း

နှလုံးသွေးကြော ပိတ်ခြင်းဆိုသည်မှာ နှလုံးသို့ သွေးပို့ပေးသော Coronary arteries**(ခေါ်) နှလုံးသွေးလွှတ်ကြောများတွင် သွေးခဲပိတ်သဖြင့် နှလုံးကြွက်သား ဒဏ်ရာရသွားသည့်အခြေအနေကိုခေါ်ပါသည်။** နှလုံးသွေးလွှတ်ကြောများ သည် ပုံမှန်အားဖြင့် နှလုံးကြွက်သားသို့ သွေးမှတစ်ဆင့် အောက်ဆီဂျင်နှင့် အာဟာရဓာတ်များကို ပေးပို့နေပါသည်။ ဤသွေးကြောများပိတ်သွားသဖြင့် နှလုံးကြွက်သား ဒဏ်ရာရပါက လူနာသည်ရင်အောင့်လာမည် ဖြစ်ပါသည်။ မိနစ်၂၀မှ ၄၀အတွင်း သွေးလည်ပတ်မှု ပြန်လည်ရရှိအောင် ပြုလုပ်မပေးနိုင်ပါက နှလုံးကြွက်သားများ ဒဏ်ရာရရှိပြီး ခြောက်နာရီမှ ရှစ်နာရီကြာသွားလျှင် ဤဒဏ်ရာသည် မူလအတိုင်း ပြန်မကောင်းနိုင်တော့ဘဲ အနာရွတ်ဖြစ်လာမည်။

နှလုံးသွေးကြောပိတ်ခြင်း၏ အဓိကအကြောင်းရင်းမှာ Atherosclerosis (ခေါ်)အဆီဓာတ်များ သွေးလွှတ်ကြောနံရံများတွင် စုဆောင်းမိပြီး သွေးလွှတ်ကြောများ ကျဉ်းမြောင်းမာကျောလာစေခြင်းဖြစ်သည်။ ကျဉ်းမြောင်းလာသော သွေးကြောများသည် ကိုယ်ခန္ဓာအစိတ်အပိုင်းများသို့ သွေးလုံလောက်စွာ မပို့နိုင်ပါ။ ဥပမာ–ခြေထောက်သို့ သွေးပို့သော သွေးကြောကျဉ်းလျှင် လူနာသည် လမ်းလျှောက်တိုင်း ခြေသလုံး ကြွက်သားများ နာကျင်လာပြီး ခြေထောက်တွင် ကျက်ခဲသောအနာများဖြစ်လာသည်။ ဦးနှောက်သွေးကြောကျဉ်းပါက လေဖြတ်ခြင်းနှင့် သူငယ်ပြန်ရောဂါများ ဖြစ်တတ်သည်။

သွေးကြောများကျဉ်းတိုင်းရောဂါလက္ခဏာများမပေါ်တတ်ပါ။ ဆယ်ကျော်သက် အရွယ်မှစ၍ သွေးကြောများ စတင်၍ကျဉ်းတတ်သော်လည်း လူလတ်ပိုင်းနှင့် လူကြီးပိုင်းအရွယ်တွင်မှ ရောဂါလက္ခဏာများပေါ်လာတတ်သည်။ ဆေးလိပ်သောက်သူ၊ သွေးတိုးရောဂါ၊ ဆီးချိုသွေးချိုရောဂါနှင့် သွေးအဆီဓာတ်များသူတို့အပြင် မိသားစုတွင် သွေးကြောကျဉ်းရောဂါရှိသူတို့သည် သွေးကြောကျဉ်းရောဂါကို ငယ်ငယ် ရွယ်ရွယ်နှင့် ဖြစ်သည့်အပြင် ရောဂါ၏ဆိုးကျိုးများကိုလည်း ဆောလျင်စွာ ခံစားရတတ်သည်။

ရင်အောင့်ခြင်း

နှလုံးသွေးကြောများ ပုံမှန်အောက် ၅၀မှ ၇၀ရာခိုင်နှုန်း ကျဉ်းလျှင် လူနာလှုပ်ရှားသွားလာချိန်တွင် ပို၍လိုအပ်လာသည့် အောက်ဆီဂျင်နှင့် အာဟာရဓာတ်များကို နှလုံးကြွက်သားသို့ မပို့ပေးနိုင်သဖြင့် လူနာသည် ရင်အောင့်ခြင်းကို ခံစားရမည်။ သို့ရာတွင် ဆီးချိုသွေးချိုလူနာများနှင့် သက်ကြီးလူနာများသည် ဤသို့ ရင်အောင့်ခြင်းကို မခံစားရဘဲ အသက်ရှုကျပ်ခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်းတို့ကိုသာ ခံစားရတတ်သည်။

နှလုံးသွေးကြောကျဉ်းရောဂါရှိသူ အများစုသည် အထက်ကဖော်ပြထားသည့်အတိုင်း လှုပ်ရှားသွားလာချိန်တွင် ရင်ညွန့်အောက်တွင် ညှစ်ထားသကဲ့သို့ လေးလံခြင်း၊ အောင့်ခြင်းတို့ကို ခံစားရသည်။ ဤကဲ့သို့ ရင်အောင့်ခြင်းသည် လည်ပင်း၊ မေးရိုး၊ လက်နှစ်ဖက်၊ နောက်ကျောနှင့် သွားများအထိ ပြန့်သွားနိုင်သည့်အပြင် လူနာသည် အသက်ရှုကျပ်လာပြီး ပျို့ချင်၊အန်ချင်ဖြစ်ကာ ချွေးစေးများ ပြန်လာတတ်သည်။ ရင်အောင့်သည်မှာ တစ်မိနစ်မှ ၁၅မိနစ်အထိကြာတတ်ပြီး နားလိုက်လျှင်၊ သို့မဟုတ် နှလုံးငုံဆေး(GTN)ငုံလိုက်လျှင် ပျောက်သွားတတ်သည်။ ဤသို့ လှုပ်ရှားသွားလာချိန်တွင် ရင်အောင့်ခြင်းသည် နှလုံးသွေးကြောကျဉ်းရောဂါ၏ ကနဦးလက္ခဏာဖြစ်သည်။

နှလုံးသွေးကြောကျဉ်း ပမာဏများလျှင် လူနာကမလှုပ်ရှားသည့်တိုင် ရင်အောင့်တတ်သည်။ နှလုံးသွေးကြောမကျဉ်းဘဲ သွေးကြောကျုံ့ပါကလည်း နားနေစဉ်တွင် ရင်အောင့်တတ်သည်။

နှလုံးသွေးကြောပိတ်ခြင်း

နှလုံးသွေးကြောထဲတွင်ရှိနေသော အဆီပြင်သည် ရုတ်တရက် အက်ကွဲပါက သွေးခဲဖြစ်ပေါ်လာပြီး သွေးကြောကို ပိတ်ဆို့စေနိုင်သည်။ ဆေးလိပ်နှင့် ဆေးရွက်ကြီးသောက်သုံးခြင်း၊ သွေးတိုးခြင်း၊ သွေးအဆီဓာတ်များခြင်းနှင့် အခြားသော ဖိစီးမှုအမျိုးမျိုးက ဤသို့အဆီပြင် အက်ကွဲစေရန်အားပေးသည်။ သွေးကြောပိတ်သွားပါက နှလုံးကြွက်သားတွင် ပြန်မကောင်းနိုင်သော ဒဏ်ရာ ရသွားပါမည်။

အချိန်မရွေး နှလုံးသွေးကြောပိတ်နိုင်သော်လည်း နံနက်၄နာရီမှ ၁၀နာရီအတွင်း အများဆုံးပိတ်တတ်သည်။ နှလုံးသွေးကြောပိတ်သူများ၏ ၅၀ရာခိုင်နှုန်းတွင်သာ ယခင်ကရင်အောင့်ခဲ့ကြဖူးသည်။ ကျန်၅၀ ရာခိုင်နှုန်း၌ ဤသို့သော ရှေ့ပြေးလက္ခဏာ မရှိခဲ့ပါ။ နှလုံးသွေးကြောပိတ်ပါက အထက်တွင်ဖော်ပြထားသည့် ရင်အောင့်ခြင်းနှင့် အခြားသော လက္ခဏာများ ပေါ်လာပြီး နားလိုက်ခြင်း၊ နှလုံးဆေး ငုံလိုက်ခြင်းတို့ဖြင့် မသက်သာတော့ဘဲ လူနာအခြေအနေပို၍ ဆိုးရွားလာနိုင်ပါသည်။ ဤအခြေအနေသည် အရေးပေါ်အခြေအနေ ဖြစ်သဖြင့် ရောဂါကို ဖော်ထုတ်ကုသနိုင်မှသာ အသက်အန္တရာယ်ကင်းမည် ဖြစ်ပါသည်။

နှလုံးသွေးကြောကျဉ်းစေသည့် အခြေအနေများ

သွေးအဆီဓာတ်များခြင်း

အဆီဓာတ်သည် နှလုံးသွေးကြောကို ပိတ်စေသည့်အဓိကပါဝင် ပစ္စည်း ဖြစ်သည်။ သွေးထဲရှိ အဆီဓာတ်သည် Lipoprotein (ခေါ်) အထူးပရိုတင်းဓာတ်နှင့်ပေါင်းစပ်၍ VLDL-C, LDL-C တို့ကဲ့သို့ သွေးကြောပိတ်ခြင်းကို အားပေးသော ပစ္စည်းများအဖြစ်ဖြင့်လည်းကောင်း၊ HDL-C (ခေါ်)သွေးကြောပိတ်ခြင်းကို ကာကွယ်သောပစ္စည်းအဖြစ် တည်ရှိနေသည်။ အန္တရာယ်ဖြစ်စေသည့် LDL-C ကို လျှော့ချ၍ ကောင်းကျိုးပေးသည့် HDL-C ကိုတက်စေက နှလုံးသွေးကြောပိတ်ခြင်းကို ကာကွယ်နိုင်သည်။ ရှိသင့်သည်ထက် ပိုနေသော ကိုယ်အလေးချိန်ကို လျှော့ချ၍ အာဟာရထဲမှ ပြည့်ဝအဆီကိုရှောင်ကာ ပုံမှန်ကိုယ်လက်လှုပ်ရှားမှု ပြုလုပ်ပြီး လိုအပ်ပါက ဆေးများမှီဝဲခြင်းဖြင့် LDL-C ကို လျှော့စေ၍ HDL-C ကို တက်စေနိုင်သည်။

သွေးတိုးရောဂါ

အပေါ်သွေးပေါင်ချိန်များခြင်း၊ အောက်သွေးပေါင်ချိန်များခြင်း နှစ်ခုစလုံးက နှလုံးသွေးကြောပိတ်ခြင်းကို အားပေးသည်။ ဆေးဝါးများနှင့် သွေးတိုးရောဂါကို ထိရောက်စွာ ကုသပါလျှင် နှလုံးသွေးကြောပိတ်ခြင်းကို ကာကွယ်နိုင်သည်။

ဆေးလိပ်နှင့် ဆေးရွက်ကြီးသောက်သုံးခြင်း

ဆေးလိပ်နှင့် ဆေးရွက်ကြီးတို့တွင် နှလုံးသွေးကြောနံရံများကို ဒဏ်ရာရစေသည့် ဓာတုပစ္စည်း မြောက်မြားစွာပါဝင်ပါသည်။ ဤဒဏ်ရာများပေါ်တွင် အဆီဓာတ်များတွဲကပ်ကာ နှလုံးသွေးကြောပိတ် သွားနိုင်သည်။

ဆီးချိုသွေးချိုရောဂါ

ဆီးချိုသွေးချိုရောဂါသည် ကိုယ်ခန္ဓာတစ်ဝန်း သွေးလွှတ်ကြောများကို အဆီဖြင့် ပိတ်ဆို့စေသည်။ ထို့ကြောင့်နှလုံးသွေးကြောပိတ်ခြင်း၊လေဖြတ်ခြင်း၊ ခြေချောင်းများပုပ်ခြင်းတို့ကို ငယ်ငယ်ရွယ်ရွယ်နှင့် ခံစားရတတ်သည်။ ဆီးချိုသွေးချိုရှိသူများသည် မိမိတို့၏သွေးတွင်း အချိုဓာတ်ကို ကြပ်မတ်စွာ ထိန်းသိမ်း၍ ကိုယ်လက်လှုပ်ရှားမှု၊ ကိုယ်အလေးချိန်ထိန်းသိမ်းမှုနှင့် ကျန်းမာရေးနှင့်ညီညွတ်သည့် အာဟာရမှီဝဲမှုကို အမြဲတစေ ပြုသင့်ပါသည်။

အမျိုးသားဖြစ်ခြင်း

အမျိုးသားသည် အမျိုးသမီးများထက် အရွယ်မရွေး နှလုံးသွေးကြောရောဂါပို၍ဖြစ်သည်။ အမျိုးသမီးများတွင်အမျိုးသားများထက် ရောဂါကာကွယ်ပေးသော HDL-C ပို၍များသောကြောင့် ဖြစ်သည်ဟု သိပ္ပံပညာရှင်အများစုက ယုံကြည်ကြသည်။ သို့ရာတွင် ဤအားသာချက်သည် အမျိုးသမီးများ အသက်အရွယ်ကြီးလာလျှင် ပျောက်ကွယ်သွားသည်။

မိသားစုထဲတွင် နှလုံးသွေးကြောရောဂါရှိသူများ

မိသားစုထဲတွင် နှလုံးသွေးကြောရောဂါရှိသူများသည် နှလုံးသွေးကြောကျဉ်းရောဂါ ပို၍ဆောလျင်စွာ ဖြစ်တတ်သည်။ အထူးသဖြင့် ဖခင် သို့မဟုတ် ဆွေမျိုးနီးစပ်ထဲမှ အမျိုးသားတစ်ယောက် အသက် ၅၅နှစ် မတိုင်မီ နှလုံးသွေးကြောရောဂါဖြစ်ခဲ့လျှင်သော်လည်းကောင်း၊ မိခင် သို့မဟုတ် ဆွေမျိုးနီးစပ်ထဲမှ အမျိုးသမီးတစ်ယောက် အသက် ၆၅နှစ် မတိုင်မီ နှလုံးသွေးကြောရောဂါ ဖြစ်ခဲ့လျှင်သော်လည်းကောင်း၊ ဤသူ၌ ရောဂါဖြစ်ရန် အန္တရာယ်ပိုများသည်။

မြန်မာနိုင်ငံတွင် ရန်ကုန်နှင့် မန္တလေးဆေးရုံကြီးများရှိ နှလုံးအထူးကြပ်မတ်ဆောင်များတွင် နှလုံးသွေးကြောပိတ်သော လူနာများကို လက်ခံ၍ ကြပ်မတ်စွာကုသရာတွင် လူနာများ၏ ၆၀ရာခိုင်နှုန်းခန့်သည် ဆေးလိပ်သောက်တတ်ပြီး ၆၀ရာခိုင်နှုန်းမှာ သွေးတိုးရောဂါရှိကာ ၄၀ ရာခိုင်နှုန်းမှာ ဆီးချိုသွေးချိုရောဂါ ရှိနေကြောင်း တွေ့ရှိရပါသည်။ လူနာများ၏ ၆၀ရာခိုင်နှုန်းကျော်မှာ အမျိုးသားများဖြစ်ကြပြီး အမျိုးသမီး လူနာများ၏ အများစုသည် သွေးဆုံးပြီး သွေးတိုးရောဂါ၊ ဆီးချို သွေးချိုရောဂါများရှိနေလျက် အသက်ငယ်လျှင် ဆေးလိပ်သောက်သူများ ဖြစ်နေသည်ကို တွေ့ရှိရသည်။

နှလုံးသွေးကြောပိတ်သည်ကို သိနိုင်ရန်

ECG လုပ်ရပါမည်။ ECGသည် နှလုံးသွေးကြောပိတ်သည်ကို အမြဲတမ်းနီးပါး ပြသော်လည်း ရုတ်တရက် မပြတတ်ပါ။ အချိန်စောလွန်း၍သော်လည်းကောင်း၊ ယခင်က နှလုံးရောဂါကြောင့် မူရင်း ECG က ပုံမှန်မဟုတ်၍လည်းကောင်း ဖြစ်နိုင်သည်။ ထို့ကြောင့် Cardiac Enzymes ခေါ် နှလုံးကြွက်သား ဒဏ်ရာကြောင့် သွေးတွင်းသို့ ထွက်လာသည့် အင်ဇိုင်းများကို သွေးဖောက်စစ်ဆေးရပါမည်။ ဤအင်ဇိုင်းများသည် နှလုံးသွေးကြောပိတ်ပြီး နာရီပိုင်းကြာလျှင် သွေးထဲ၌ မြင့်တက်လာပါသည်။

နှလုံးသွေးကြောပိတ်သည်ကို ချက်ချင်းသိရှိရန်အလွန်အရေးကြီးပါသည်။ အဘယ်ကြောင့်ဆိုသော် လူနာ၏ နှလုံးခုန်ချက် မမှန်ဖြစ်ကာ နှလုံးခုန်ရပ်စေနိုင်သည့် အသက်ကိုအန္တရာယ်ပေးနိုင်သော အခြေအနေများသည် သွေးကြောပိတ်ပြီး များမကြာမီ ပေါ်လာတတ်၍ဖြစ်သည်။ ထို့ပြင် ပိတ်သွားသော သွေးကြောကို ဆောလျင်စွာ ပြန်လည်ဖွင့်ပေးနိုင်ပါက နှလုံးကြွက်သားဒဏ်ရာကို နည်းစေပြီး ရေရှည်တွင် လူနာအတွက် အကျိုးကျေးဇူးများမည် ဖြစ်ပါသည်။

နှလုံးသွေးကြောပိတ်သည်ကို ကုသခြင်း

သွေးကျဲဆေးများကို ချက်ချင်းပေးရန်အရေးကြီးပါသည်။ ဤသွေးကျဲဆေးများတွင် အရေးအကြီးဆုံးသည် Aspirin (အက်စ်ပရင်) ဖြစ်ပါသည်။ Aspirin ကို အများသိရှိပြီး ဈေးသက်သာစွာနှင့် လွယ်ကူစွာဝယ်ယူနိုင်ပါသည်။ ရင်အောင့်လျှင် ချက်ချင်း Aspirin တစ်လုံးကို ဝါးစား၍ မျိုချသင့်သည်။ သုတေသန မြောက်မြားစွာက Aspirinသည် နှလုံးသွေးကြောပိတ်၍ အသက်ဆုံးရှုံးမှုကို ၂၅ရာခိုင်နှုန်း လျှော့ချနိုင်သည်ဟု သက်သေပြုထားကြသည်။

နှလုံးသွေးကြော ထပ်မံမပိတ်ရန်အတွက်

Aspirin နှင့် Beta Blockers များသည် နှလုံးသွေးကြော ထပ်မံပိတ်ဆို့ခြင်းကို ကာကွယ်ပေးနိုင်ပြီး လူနာ၏ သက်တမ်းရှည်စေသည်ကို သုတေသနများက ထုတ်ဖော်သက်သေပြခဲ့ပြီး ဖြစ်ပါသည်။

ဆေးလိပ်/ဆေးရွက်ကြီးကိုလုံးဝရှောင်ကြဉ်ရပါမည်။ ကိုယ်အလေးချိန် လျှော့ချရန် ကိုယ်လက်လှုပ်ရှားမှု ပုံမှန်ပြုလုပ်ရန် လိုအပ်ပါသည်။ သွေးတိုးရောဂါနှင့် ဆီးချို သွေးချိုရောဂါများရှိလျှင် သွေးပေါင်ချိန်နှင့် သွေးအချိုဓာတ်ကို ပုံမှန်ဖြစ်ရန် ကြပ်မတ်စွာ ကုသမှုခံယူရပါမည်။

ထို့ပြင် အဆီဓာတ်နှင့် ပြည့်ဝဆီများကို ရှောင်ပါ။ အန္တရာယ်ပေးသော LDL-C ခေါ် အဆီဓာတ်ကို ၁၀၀ mg/ dl အောက်ဖြစ်စေရန် Statin ဆေးများကို သောက်ရပါမည်။ ကောင်းသောအဆီဓာတ် HDL-C ကို တက်လာစေရန် ပုံမှန်လေ့ကျင့်ခန်းကို ပြုလုပ်ရမည်။ ACE Inhibitors ဆေးအုပ်စုသည် ဒဏ်ရာရ နှလုံးကြွက်သားများကို ပြန်လည်သန်စွမ်းစေပြီး သက်တမ်းကိုရှည်စေသည်ကိုလည်း သိရှိပြီးဖြစ်ပါသည်။ Folic Acid ခေါ် ဗီတာမင်သည်လည်း နှလုံးသွေးကြောနံရံ အဆီပြင်များ ဖြစ်ပေါ်မှုကို နည်းစေပါသည်။ Omega -3 Fatty Acid များပါဝင်သော ငါးနှင့်ငါးကြီးဆီများကို စားသုံးပါက နှလုံးသွေးကြောပိတ်ခြင်းကြောင့် ရုတ်တရက်သေဆုံးမှုကို လျော့နည်းစေသည်။

နှလုံးသွေးကြောပိတ်ပြီးသူသည် နောက်ထပ်ပိတ်နိုင်သည့် အလားအလာများရှိသဖြင့် ဤသို့ထပ်မံဖြစ်ပွားနိုင်သည့် အခြေအနေကို သိရှိရန် စက်ပေါ်၌ ပြေးစဉ် ECG စမ်းသပ်ခြင်း (Exercise Stress Test)၊ နှလုံး တီဗွီဓာတ်မှန်ရိုက်ခြင်း(Echocardiography)၊ အဏုမြူဓာတ်နှင့် နှလုံးသွေးကြောများကို စမ်းသပ်ခြင်း (SPECT)နှင့် နှလုံးသွေးကြောတွင်းသို့ ပိုက်ငယ်များထည့်၍ ဆေးထိုးကာ ဓာတ်မှန်ရိုက်ခြင်း (Coronary Angiogram)တို့ဖြင့် လိုအပ်သလို ဆက်လက်၍ စမ်းသပ်ရမည် ဖြစ်ပါသည်။

ဆေးလိပ်သောက်ခြင်း

ဆေးလိပ်သောက်ခြင်းသည် အမျိုးသမီးများတွင် ပို၍အန္တရာယ်များစေသည်။ အရွယ်လတ် အမျိုးသမီးတစ်ယောက်သည် တစ်နေ့လျှင် စီးကရက် (၁မှ၁၄)လိပ် သောက်ပါက ဆေးလိပ်မသောက်သူ အရွယ်တူ အမျိုးသမီးများထက် ဦးနှောက်သွေးကြောပိတ်၍လေဖြတ်ခြင်း နှစ်ဆ ပို၍ဖြစ်သည်။ တစ်နေ့လျှင် စီးကရက် ၁၅လိပ်ထက် ပို၍သောက်ပါက လေဖြတ်ခြင်းသည် ၃ဒသမ ၇ဆ ပိုလာသည်။ ဆေးလိပ်သောက်၍ ကိုယ်ဝန်တားဆေးပါ သောက်သုံးသော ၃၅နှစ်အထက် အမျိုးသမီးများတွင် နှလုံးသွေးကြောရောဂါဖြစ်ရန် အလားအလာ အလွန်များပြားပါသည်။ ထို့ကြောင့် ဆေးလိပ်ကို ချက်ချင်းဖြတ်ရန် လိုအပ်ပါသည်။

အမျိုးသမီးများတွင် နှလုံးသွေးကြောပိတ်ခြင်း

အမျိုးသမီးများတွင် နှလုံးသွေးကြောပိတ်ပါက အမျိုးသားမှာကဲ့သို့ လွယ်ကူလျင်မြန်စွာ သိရှိရန် ခက်ခဲသည်။ အကြောင်းများမှာ–

အမျိုးသမီးများသည် ရင်အောင့်ခြင်းကို မခံစားတတ်ဘဲ လည်ပင်း၊ ပခုံး၊ ဗိုက်များတွင် အောင့်တတ်ပြီး ပျို့အန်ခြင်း၊ နွမ်းနယ်ခြင်းနှင့် အသက်ရှုကျပ်ခြင်းတို့ကို ခံစားရတတ်သည်။ ရောဂါလက္ခဏာ လုံးဝမပြဘဲနှင့်လည်း နှလုံးသွေးကြောပိတ်တတ်သည်။ အမျိုးသမီးများ ရင်အောင့်တိုင်းလည်း နှလုံးသွေးကြောရောဂါကြောင့် မဟုတ်ဘဲ အခြားအကြောင်းများကြောင့် (ဥပမာ–အစာပွန်ရောင်ခြင်း) ဖြစ်တတ်သဖြင့် အမှန်တကယ် နှလုံးသွေးကြောပိတ်၍ ရင်အောင့်သည်ကို သတိမထားမိဖြစ်တတ်သည်။ အမျိုးသမီးများတွင် ECG ၌ နှလုံးသွေးကြောပိတ်သည့် လက္ခဏာများကို ရုတ်တရက်မတွေ့တတ်ပါ။ အမျိုးသမီးများသည် နှလုံးသွေးကြောကျုံ့ခြင်းနှင့် နှလုံးသွေးကြောမွှားကလေးများ ရောဂါကြောင့် မကြာခဏ ရင်အောင့်တတ်သည်။ ဤအခြေအနေများကို နှလုံးသွေးကြော ဓာတ်မှန်ရိုက်ခြင်းဖြင့် မသိနိုင်ပါချေ။

အမျိုးသမီးများတွင် စက်ပေါ်၌ပြေးစဉ် ECG စမ်းသပ်ခြင်းကဲ့သို့ နှလုံးသွေးကြောကျဉ်းခြင်းကို ဖော်ထုတ်ပေးနိုင်သည့် စမ်းသပ်ချက်များက တိကျသောအဖြေကို မပေးတတ်ပါ။

အမျိုးသမီးများနှင့် ကုသမှု

သွေးခဲဖျော်ဆေးများသည် အမျိုးသမီးများ၌ အမျိုးသားများမှာကဲ့သို့ အကျိုးသက်ရောက်မှုရှိသော်လည်း ဆိုးကျိုးဖြစ်သည့် လေဖြတ်ခြင်း ပို၍ဖြစ်သည်။

PCI (ခေါ်)ပိတ်/ကျဉ်းနေသော နှလုံးသွေးကြောများကို ဘောလုံးဖြင့်ချဲ့ပြီး(Angioplasty) သွေးကြောထောက် ကိရိယာ (Coronary stents) ထည့်ပေး၍ ကုသခြင်းသည်လည်း အမျိုးသားများမှာကဲ့သို့ ထိရောက်မှုရှိသော်လည်း သွေးကြောများသေးသဖြင့် အန္တရာယ်ပို၍ရှိသည်။

CABG ခေါ် ခွဲစိတ်၍ နှလုံးသွေးကြောများကို ဆက်ပေးသည့် ခွဲစိတ်ကုသနည်းသည်လည်း အမျိုးသမီးများတွင် အမျိုးသားများနှင့်နှိုင်းယှဉ်လျှင် အန္တရာယ်ပိုများသည်။

Estrogen ဟော်မုန်းဓာတ်

အမျိုးသမီးများ သွေးဆုံးပြီးလျှင် Estrogen ဟော်မုန်းဓာတ် နည်းသွားသည်နှင့်အမျှ အန္တရာယ်ပြုသော သွေးအဆီဓာတ် LDL-C တက်လာပြီး အကျိုးပြုသော HDL-C နည်းသွားသည်။ သွေးမဆုံးမီ မျိုးဥအိမ်ထုတ်ရသော အမျိုးသမီးများတွင်လည်း Estrogen ဓာတ်နည်းသဖြင့် နှလုံးသွေးကြောကျဉ်းရောဂါ စော၍ဖြစ်သည်။ ဤအချက်ကို အခြေခံ၍ သွေးဆုံးပြီး အမျိုးသမီးများကို Estrogen ပေးပါက ရောဂါကာကွယ်နိုင်မည်ဟု ထင်မှတ်ခဲ့ကြသော်လည်း လက်တွေ့တွင်မူ သုတေသနအချို့က ဤအချက်ကိုမထောက်ခံခဲ့ပါ။ Estrogen မှီဝဲသူများတွင် သုံးနှစ်မှငါးနှစ်အတွင်း ရင်သားကင်ဆာပို၍ဖြစ်လာပြီး တစ်နှစ်အတွင်းတွင် နှလုံးရောဂါနှင့် အဆုတ်သွေးကြောတွင် သွေးခဲပိတ် ရောဂါတို့ ဖြစ်တတ်သည်။

ထို့ကြောင့် နှလုံးသွေးကြောကျဉ်းရောဂါသည် အမျိုးသမီးများတွင် ကင်ဆာရောဂါကဲ့သို့သော အခြားရောဂါများထက် အသက်အန္တရာယ် ပိုဖြစ်စေကြောင်းကို သတိပြုမိပြီး ရောဂါဖြစ်လာလျှင်လည်း ဆောလျင်စွာ သိရှိနိုင်ရန်နှင့် ကုသမှုခံယူနိုင်ရန် အကြံပြုတင်ပြလိုက်ရပါသည်။ ။

အမေရိကန်နိုင်ငံ ချီကာဂိုမြို့တွင် မီးလောင်မှုဖြစ်ပွားခဲ့သည့် အဆောက်အအုံတစ်လုံးကို မတ် ၁၀ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ–အင်တာနက်)

ဖိလစ်ပိုင်တွင် အပန်းဖြေစခန်းတည်ဆောက်ရန် ဆော်ဒီတော်ဝင်မိသားစုက ရင်းနှီးမြှုပ်နှံမည်

မနီလာ မတ် ၁၁

ဖိလစ်ပိုင်နိုင်ငံတွင် ရင်းနှီးမြှုပ်နှံရန် ဆော်ဒီအာရေဗျရင်းနှီးမြှုပ်နှံသူများ စိတ်ဝင်စားလျက်ရှိကြောင်း၊ ဆော်ဒီတော်ဝင်မိသားစုသည် ဖိလစ်ပိုင်နိုင်ငံပိုင် ကျွန်းတစ်ကျွန်းတွင် အပန်းဖြေစခန်းတည်ဆောက်ရေး စီမံကိန်းကို ဖိလစ်ပိုင်ကုမ္ပဏီတစ်ခုနှင့် ဖက်စပ်ဆောင်ရွက်မည်ဖြစ်ကြောင်း သမ္မတဂလိုရီယာမာဂါပါဂဲလ် အာရိုယိုက စနေနေ့တွင် ထုတ်ပြန်ကြေညာသည်။

ဖိလစ်ပိုင်နိုင်ငံအလယ်ပိုင်း ပန်ဂလောင်ကျွန်းတွင် အပန်းဖြေစခန်းတည်ဆောက်ရန် အမေရိကန်ဒေါ်လာ ၁၅သန်း ရင်းနှီးမြှုပ်နှံမည်ဖြစ်ကြောင်း သမ္မတ၏ ပြောကြားချက်ကို ကိုးကားလျက် ဖိလစ်ပိုင်သတင်း အေဂျင်စီက သတင်းထုတ်ပြန်သည်။

အမ်အင်အေ၊ဆင်ဟွာ။

ဗီယက်နမ်၌ ကြက်ငှက်တုပ်ကွေးဖြစ်ပွား

ဟန္နိုင်း မတ် ၁၀

ဗီယက်နမ်နိုင်ငံ ဟန္နိုင်းမြို့တွင် မကြာသေးမီ ရက်များအတွင်း ကြက်ငှက်တုပ်ကွေးရောဂါ ကျရောက်ခဲ့သည့် နေရာပေါင်း စုစုပေါင်း လေးနေရာရှိကြောင်း ဗီယက်နမ်နိုင်ငံ စိုက်ပျိုးရေးနှင့် ကျေးလက်ဖွံ့ဖြိုးရေးဌာနအောက်ရှိ တိရစ္ဆာန်ကျန်းမာရေးဌာနက မတ် ၇ရက်တွင် ပြောကြားသည်။

ဒွန်အန်အရပ်ရှိ မွေးမြူရေး ခြံနစ်ခြံတွင် ကြက်ကောင်ရေ ၁၃၀၀ ရှိသည့်အနက် ကောင်ရေ ၁၁၅၀ မှာ ကြက်ငှက်တုပ်ကွေးရောဂါကြောင့် သေဆုံးခဲ့ရကြောင်း စမ်းသပ်စစ်ဆေးမှုအရ ကြက်ငှက်တုပ်ကွေး ကာကွယ်ဆေးထိုးနှံခဲ့ခြင်း မရှိကြောင်း အဆိုပါဌာနက ပြောကြားသည်။

အဆိုပါ မွေးမြူရေးခြံများမှ ကြက်ငှက်များအားလုံးကို သတ်ဖြတ်ခဲ့ပြီးနောက် ယင်းရောဂါပျံ့နှံ့မှုကို ထိန်းချုပ်ရန် ဒေသဆိုင်ရာမွေးမြူရေးဗျူရိုက လုပ်ဆောင်ခဲ့သည်။

အမ်အင်အေ၊ဆင်ဟွာ။

ဘီလပ်မြေတင်ပို့မှု အိန္ဒိယတွင် ပိတ်ပင်ဖွယ်ရှိ

နယူးဒေလီ မတ် ၁၀

အိန္ဒိယအစိုးရသည် ပြည်တွင်းဘီလပ်မြေဈေးနှုန်းကျဆင်းစေရန်အတွက် ပြည်ပသို့ ဘီလပ်မြေတင်ပို့မှုကို ပိတ်ပင်ရန် အလားအလာရှိသည်ဟု ကုန်သွယ်ရေးနှင့်စက်မှုဝန်ကြီး ကာမယ်နတ်သ်က ဆင်ဟွာသတင်းဌာနသို့ မတ်လ ၇ ရက်နေ့တွင် ပြောကြားသည်။

အိန္ဒိယအစိုးရသည် အထက်ဖော်ပြပါ ကိစ္စရပ်ကို ဆောင်ရွက်မည်ဆိုလျှင် ပြည်တွင်း ဘီလပ်မြေဈေးနှုန်း ကျဆင်းနိုင်ဖွယ် ရှိ၊ မရှိကို လေ့လာလျက်ရှိသည်။ သို့ရာတွင် မည်သည့်နေ့ရက်တွင် ဘီလပ်မြေတင်ပို့မှုကို ပိတ်ပင်မည်ဆိုသော ရက်စွဲအတိအကျကို ဝန်ကြီး ကာမယ်က အတိအကျ ဖော်ပြခြင်း မရှိပေ။ အိန္ဒိယနိုင်ငံ၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကို ထိန်းထားနိုင်ရန်အတွက် အခြေခံအဆောက်အအုံများ တည်ဆောက်လျက်ရှိရာ ဘီလပ်မြေဝယ်လိုအားသည် နှစ်စဉ် ၁၀ ရာခိုင်နှုန်း တိုးတက်လာသည်။

ထို့ပြင် နောင်လာမည့် ငါးနှစ်အတွင်း၌ ဘီလပ်မြေ တန်ချိန် သန်း ၁၀၀ ထုတ်လုပ်နိုင်ရန်အတွက် လုပ်ငန်းရှင်များသည် အမေရိကန်ဒေါ်လာ လေးဘီလီယံ ရင်းနှီးမြှုပ်နှံပြီး ထုတ်လုပ်မည်ဖြစ်ကြောင်း သိရသည်။

ဖော်ပြပါ သတင်းထွက်ပေါ်လာပြီးနောက် အိန္ဒိယနိုင်ငံ၏ ဆန်စက်ရှယ်ယာဈေးကွက်တွင် ဘီလပ်မြေ လုပ်ငန်းများ၏ ရှယ်ယာဈေးနှုန်းများသည် ၁ ရာခိုင်နှုန်းမှ ၉ ရာခိုင်နှုန်းအထိ ထိုးကျသွားသည်။ ရှယ်ယာကျသွားသော ဘီလပ်မြေလုပ်ငန်းများတွင် ဂရာဆင်စက်မှုလုပ်ငန်း၊ အေအေစီ ဘီလပ်မြေလုပ်ငန်းနှင့် ဂူဂျာရက်အမ်ဘူဂျာ ဘီလပ်မြေလုပ်ငန်းတို့လည်း ပါဝင်သည်။ ***အင်တာနက်။***

တောင်ကိုရီးယားဝန်ကြီးချုပ်သစ်အဖြစ် ဘဏ္ဍာရေးဝန်ကြီးဟောင်းအား ရွေးချယ်

ဆိုးလ် မတ် ၁၁

တောင်ကိုရီးယားနိုင်ငံ၏ ဝန်ကြီးချုပ်သစ်အဖြစ် ခန့်အပ်ရန်ဘဏ္ဍာရေးဝန်ကြီးဟောင်း ဟမ်ဒတ်စူးအား အမည်စာရင်းတင်သွင်းလိုက်ကြောင်း သမ္မတရုံးက မတ် ၉ရက်တွင် ထုတ်ပြန်သည့် ကြေညာချက်၌ ဖော်ပြထားသည်။

ဝန်ကြီးချုပ် ဟန်ပြောင်ဆွတ်သည် ဗုဒ္ဓဟူးနေ့က ရာထူးမှနုတ်ထွက်သွားခဲ့ပြီးနောက် သမ္မတ ရိုမူဟွန်းက ဝန်ကြီးချုပ်သစ်အဖြစ် ဟမ်ဒတ်စူးအား ခန့်အပ်နိုင်ရန် အမျိုးသားလွှတ်တော်ထံ အမည်စာရင်းတင်သွင်းခြင်းဖြစ်သည်။

ထမ်းဆောင်

ဟမ်ဒတ်စူးသည် ပြီးခဲ့သည့်ဇူလိုင်လက ဘဏ္ဍာရေးဝန်ကြီးရာထူးမှ နုတ်ထွက်ခဲ့ချိန်မှစ၍ သမ္မတ၏အထူးအကြံပေးပုဂ္ဂိုလ်အဖြစ် တာဝန် ထမ်းဆောင်ခဲ့သည်။

သမ္မတရုံးသည် သမ္မတ၏အရပ်ဘက်ရေးရာအတွင်းဝန်ဟောင်း မွန်ဂျေအင်းအား သမ္မတရုံး၏ ရုံးအဖွဲ့မှူးအဖြစ် သောကြာနေ့တွင် ခန့်အပ်ခဲ့သည်။

အမ်းအင်အေ၊ဆင်ဟွာ။

အာဖဂန်နစ္စတန်တွင် ဗုံးပေါက်ကွဲ ငါးဦး ဒဏ်ရာရ၊ ယာဉ်များပျက်စီး

ကဘူး မတ် ၁၀

အာဖဂန်နစ္စတန်နိုင်ငံတောင်ပိုင်းရှိ ကန်ဒါဟာပြည်နယ်မှ နေတိုးဦးဆောင်သော နိုင်ငံတကာလုံခြုံရေး အကူအညီပေးတပ်ဖွဲ့(အိုင်ဆက်)ကို ပစ်မှတ်ထားတိုက်ခိုက်သည့် ဗုံးဖောက်ခွဲမှု ကြာသပတေးနေ့က ဖြစ်ပွားခဲ့ရာ အရပ်သားငါးဦးဒဏ်ရာရရှိခဲ့ကြောင်း ပြည်နယ်အကြီးအကဲဖြစ်သူ အလီဇိုင်က ဆင်ဟွာသတင်းဌာနသို့ ပြောကြားသည်။

ယင်းဖောက်ခွဲသည့်ဖြစ်ရပ်သည် ကန်ဒါဟာပြည်နယ် မြို့တော်ကန်ဒါဟာမြို့တွင် ဒေသစံတော်ချိန် ည ၆ နာရီခန့်က ဖြစ်ပွားခဲ့ပြီး အိုင်ဆက်တပ်ဖွဲ့ဝင် သေဆုံးမှု မရှိဟု ၎င်းကပြောကြားသည်။

အရပ်ဘက်မော်တော်ယာဉ်နှစ်စီး ပျက်စီးပြီး အိုင်ဆက်မှ မော်တော်ယာဉ်တစ်စီး အနည်းငယ်ပျက်စီးကာ ဈေးဆိုင်နှစ်ဆိုင် မီးလောင်သည်ဟု ဆင်ဟွာသတင်းထောက်တစ်ဦးက ပြောကြားသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

ခရိုင်စလာကုမ္ပဏီမှ နည်းပညာဆိုင်ရာချွတ်ယွင်းမှုကြောင့် ပြန်လည်သိမ်းယူမည့် Jeep Liberty ကားအမျိုးအစားတစ်စီးကို မတ် ၉ ရက်ကတွေ့ရစဉ်။ (ဓာတ်ပုံ–အင်တာနက်)

အီဂျစ်နိုင်ငံ ကိုင်ရိုမြို့အနီး ဂီဇာ ပိရမစ်များနယ်မြေတွင် ဖွင့်လှစ်ထားသည့် ဟိုတယ်တစ်ခုကို မတ် ၁၀ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ–အင်တာနက်)

မလေးရှား မိုဘိုင်းလ်ဖုန်းစက်ရုံ ဇမ်ဘီယာ၌ တည်ထောင်မည်

လူဆာကာ မတ် ၁၁

မလေးရှားနိုင်ငံသည် ဇမ်ဘီယာနိုင်ငံ၌ မိုဘိုင်းလ်ဖုန်း ထုတ်လုပ်ရေးစက်ရုံတစ်ရုံ တည်ထောင်မည်ဖြစ်ကြောင်း၊ ယင်းစက်ရုံသည်တစ်နှစ်လျှင် မိုဘိုင်းလ်ဖုန်း လုံးရေငါးသိန်းမှ တစ်သန်းအထိ ထုတ်လုပ်နိုင်မည်ဖြစ်ကြောင်း ပို့စ်အမည်ရှိ သတင်းစာက စနေနေ့တွင် ဖော်ပြသည်။

အဆိုပါ စက်ရုံ တည်ထောင်ရန် မလေးရှားနိုင်ငံမှ အမ်–မိုဘိုင်းလ်ကုမ္ပဏီနှင့် ဇမ်ဘီယာနိုင်ငံမှ မယ်လ်ကွန်ကုမ္ပဏီတို့ သဘောတူ လက်မှတ်ရေးထိုးခဲ့ကြကြောင်း၊ အမေရိကန်ဒေါ်လာ ရှစ်သန်းကို ကနဦးရင်းနှီးမြှုပ်နှံထားကြောင်း အမ်–မိုဘိုင်းလ်ကုမ္ပဏီအရာရှိချုပ် မိုချူဒင်အဗ္ဗဒူကာရင်၏ ပြောကြားချက်ကို ကိုးကားလျက် သတင်းစာကဖော်ပြသည်။

စက်ရုံတည်ထောင်ရေးလုပ်ငန်းကို ယခုနှစ် ဇွန်လတွင် စတင်ရန်ရည်မှန်းထားကြောင်း၊ ဇမ်ဘီယာနိုင်ငံမှတစ်ဆင့် အခြားနိုင်ငံများသို့ တင်ပို့ရန် မျှော်လင့်ထားကြောင်း ၎င်းက ပြောကြားသည်။

အမ်–မိုဘိုင်းလ်ကုမ္ပဏီသည် ဇမ်ဘီယာနိုင်ငံမှ ဇမ်တယ်လ်ဆက်သွယ်ရေးကုမ္ပဏီနှင့် နားလည်မှုစာချွန် တစ်ရပ်ကိုလည်း လက်မှတ်ရေးထိုးခဲ့သည်။ မလေးရှားနိုင်ငံမှမင်္ဂါတက်ကုမ္ပဏီသည် လူဆာကာမြို့၌အင်ဂျင်နီယာကောလိပ်တစ်ခုတည်ထောင်ရန်ဖက်စပ် လုပ်ငန်းတစ်ရပ်ကို သဘောတူ လက်မှတ်ရေးထိုးခဲ့သည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

၂၀၀၇ ခုနှစ်ကို မလေးရှားခရီးသွားနှစ်အဖြစ် သတ်မှတ် ကမ္ဘာလှည့်ခရီးသည် သန်း ၂၀ ကျော်လာရောက်မည် မျှော်မှန်း

ကွာလာလမ်ပူ မတ် ၁၁

မလေးရှားနိုင်ငံသည် ၂၀၀၇ခုနှစ်ကို မလေးရှားခရီးသွားနှစ်အဖြစ် သတ်မှတ်ထားကြောင်း၊ မိမိတို့နိုင်ငံသို့ ယခုနှစ်အတွင်း ကမ္ဘာလှည့်ခရီးသည် ၂၀ဒသမ ၁သန်း လာရောက်မည်ဟုမျှော်မှန်းထားကြောင်း၊ ဖော်ပြပါ အရေအတွက်အနက် လေးသိန်းမှာ အိန္ဒိယနိုင်ငံမှ ကမ္ဘာလှည့်ခရီးသည်များ ဖြစ်လိမ့်မည်ဖြစ်ကြောင်း မလေးရှား ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းဝန်ကြီး ဒါတွတ်ဆရီ တန်ကူးမန်ဆာက မတ် ၁၀ ရက်တွင် ပြောကြားသည်။

ဝန်ကြီး မန်ဆာ ဦးဆောင်သော အဖွဲ့ဝင် ၄၀ ပါ အဖွဲ့တစ်ဖွဲ့သည် အိန္ဒိယနိုင်ငံ ကေရာလာပြည်နယ် ကိုချီမြို့သို့ သွားရောက်ကာ ခရီးသွားလုပ်ငန်းမြှင့်တင်ရေး အစီအစဉ်တစ်ရပ်ကို ထုတ်ပြန်ကြေညာခဲ့သည်။ ယခုနှစ်တွင် အိန္ဒိယမှ ခရီးသည်လေးသိန်းလာရောက်မည်ဟု မိမိတို့ မျှော်မှန်းကြောင်း၊ ဖော်ပြပါအရေအတွက်အနက် ၃၅ ရာခိုင်နှုန်းမှာ အိန္ဒိယနိုင်ငံတောင်ပိုင်းမှ ခရီးသည်များ ဖြစ်လိမ့်မည်ဖြစ်ကြောင်း ဝန်ကြီးမန်ဆာက သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။ ၂၀၀၆ ခုနှစ်တွင် မလေးရှားနိုင်ငံသို့ ကမ္ဘာလှည့်ခရီးသည် ၁၇သန်း လာရောက်ခဲ့သည်။

မိမိတို့သည် ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း မြှင့်တင်ရေးအတွက် အိန္ဒိယဈေးကွက်ကို အလေးထားကြောင်း၊ အိန္ဒိယနိုင်ငံ၏ စီးပွားရေးတိုးတက်လာကာ ပြည်သူများ၏ လူနေမှုအဆင့်အတန်း ပိုမိုမြင့်တက်လာခြင်းဖြင့် ပြည်ပသို့ အလည်ပတ်သွားရောက်သူ တိုးတက်များပြားလာမည်ဖြစ်ကြောင်း ၎င်းကပြောကြားသည်။

မလေးရှားနိုင်ငံသည် ၂၀၁၀ပြည့်နှစ်ထက် နောက်မကျဘဲ ကမ္ဘာလှည့်ခရီးသည် ၂၄သန်း လာရောက်ရန် ဆွဲဆောင်သွားမည်ဖြစ်သည်။ လွန်ခဲ့သည့်နှစ်က မလေးရှား ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း ၁၅ရာခိုင်နှုန်းတိုးတက်မည်ဟု မျှော်လင့်သော်လည်း ၁၃ ရာခိုင်နှုန်းမျှသာ တိုးတက်ခဲ့ကြောင်း ၎င်းက ပြောကြားသည်။ ***အင်တာနက်။***



မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့ လက်မှုပညာပစ္စည်းပြပွဲတွင် ရိုးရာဝတ်စုံ ထုတ်လုပ်ရာတွင်အသုံးပြုသည့် ဒီဇိုင်းပုံစံကတ်တစ်မျိုး ပြသထားသည်ကို မတ် ၁၀ ရက်တွင် တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

နိုင်ငံတကာ သတင်းများ

ဗုံးခွဲရန်ခြိမ်းခြောက်မှုကြောင့် ပါကစ္စတန်လေယာဉ်အရေးပေါ်ဆင်းသက်ရ

အစ္စလမ္မာဘတ် မတ် ၁၁

ဗုံးဖောက်ခွဲမည်ဟူသည့် ခြိမ်းခြောက်မှုကြောင့် ပါကစ္စတန်နိုင်ငံ တောင်ပိုင်းဒေသရှိ နာဝါရှားမြို့ လေဆိပ်သို့ လေယာဉ်တစ်စင်း အရေးပေါ်ဆင်းသက်ခဲ့ရကြောင်း၊ ယင်းခြိမ်းခြောက်မှုသည် နောက်ပြောင်မှုတစ်ရပ်သာဖြစ်ကြောင်း ဒေသဆိုင်ရာသတင်းများတွင် ဖော်ပြသည်။

အရေးပေါ်ဆင်းသက်

ရှာဟင်း ပုဂ္ဂလိကလေကြောင်းဌာနမှ လေယာဉ်သည် လူ၁၀၀ ကျော် တင်ဆောင်လာပြီး ပန်ဂျပ်ပြည်နယ် အရှေ့ပိုင်းရှိ မူတန်မြို့မှ ကရာချိမြို့သို့ ပျံသန်းလာစဉ် အရေးပေါ်ဆင်းသက်ခဲ့ရခြင်းဖြစ်သည်ဟု နိုင်ငံတကာ သတင်းကွန်ရက်ဌာနက ပြောကြားသည်။

ဗုံးဖောက်မည့်သတင်းရရှိခဲ့ပြီး ယင်းသတင်းကို လေယာဉ်မှူးထံသို့ ပေးပို့ခဲ့သည်ဟု လေဆိပ်လုံခြုံရေးတာဝန်ရှိ ပုဂ္ဂိုလ်တစ်ဦးက ပြောကြားသည်။ နာဝါရှား လေဆိပ်တွင် ဗုံးရှာဖွေဖယ်ရှားရေးဝန်ထမ်းများက လေယာဉ်အတွင်းဝင်၍ ရှာဖွေကြသည်။

မတွေ့ရ

သို့ရာတွင် အဆိုပါလေယာဉ်အတွင်း မည်သည့်ပေါက်ကွဲစရာပစ္စည်းကိုမျှ မတွေ့ရဟု ရှာဟင်းလေကြောင်းဌာနက ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

ကလေးဆေးရုံများတွင် သုံးစွဲသောဆေးဝါး စိစစ်ရန်လိုအပ်

ဖီလာဒယ်လ်ဖီးယား မတ် ၁၁

အမေရိကန်နိုင်ငံရှိ ကလေးဆေးရုံများတွင် ကုသမှုခံယူနေကြသော ကလေးအရေအတွက်၏ ၈၀ ရာခိုင်နှုန်းခန့်မှာ အစားအစာနှင့် ဆေးဝါးကွပ်ကဲသည့်အဖွဲ့ (အက်ဖ်ဒီအေ)က ကလေးများအတွက် ခွင့်ပြုပေးခြင်းမရှိသော ဆေးဝါးများကိုသာ သုံးစွဲနေရကြောင်း၊ ယင်းဆေးဝါးများကို စိစစ်ရန် လိုအပ်ကြောင်း "ကလေးများနှင့် ဆယ်ကျော်သက်အရွယ်များ၏ ဆေးမှတ်တမ်းများ" အမည်ရှိ ဂျာနယ်တွင် ဖော်ပြထားသည်။

သုတေသီများသည် အသုံးများသည့် ဆေးဝါးအမျိုးအစား ၉၀ ကို စစ်ဆေးခဲ့ကြသည်။ အက်ဖ်ဒီအေ၏ ခွင့်ပြုချက်နှင့်မညီဘဲ ဆေးဝါးများအား ကလေးများကို ကုသရာတွင် သုံးစွဲနေခြင်းမှာ ကြီးမားသည့် ပြဿနာတစ်ရပ်ဖြစ်ကြောင်း ဖီလာဒယ်လ်ဖီးယား ကလေးဆေးရုံကြီးမှ ကူးစက်ရောဂါကုဆရာဝန်လည်းဖြစ်သူ သုတေသနအဖွဲ့ခေါင်းဆောင် ဆာမီအက်စ်ရှားက ပြောကြားသည်။ ဆာမီအက်စ်ရှားနှင့် လုပ်ဖော်ကိုင်ဖက်များသည် ၂၀၀၄ ခုနှစ်တွင် ကလေးဆေးရုံပေါင်း ၃၁ ရုံ၌ ကုသမှုခံယူခဲ့ကြသည့် ကလေးလူနာ ၃၅၅၄၀၉ ဦး၏ ဆေးမှတ်တမ်းများကို လေ့လာခဲ့ရာ အက်ဖ်ဒီအေက သတ်မှတ်ထားသည့် အသက်အရွယ်ထက် ငယ်ရွယ်သူများအား ဆေးဝါးများ တိုက်ကျွေးခဲ့ကြောင်း တွေ့ရှိခဲ့ရသည်။ ကလေးများအတွက် အသုံးပြုနေသော ဆေးဝါးအများအပြား၏ အကျိုးနှင့် အပြစ်တို့ကို စိစစ်မှုမှာမရှိသလောက်ဖြစ်သည်။ ဆေးဝါးများကို စိစစ်ရန် ဆေးဝါးထုတ်လုပ်ရေးကုမ္ပဏီများက ငွေကြေးထောက်ပံ့မှု အလုံအလောက်မပေးကြပေ။***အင်တာနက်။***

ပင်လယ်ပြင်ကယ်ဆယ်ရေး တရုတ်ရေတပ် ဦးဆောင်လေ့ကျင့်

ပေကျင်း မတ် ၁၁

ပင်လယ်ပြင်အတွင်း ကယ်ဆယ်ရေးနှင့်ရှာဖွေရေးဆိုင်ရာ ပူးတွဲလေ့ကျင့်မှုတစ်ရပ်ကို အာရေဗျပင်လယ်အတွင်း သောကြာနေ့ကပြုလုပ်ခဲ့ကြောင်း၊ ယင်းလေ့ကျင့်မှုကို တရုတ်ရေတပ်က ဦးဆောင်ကြောင်း ဆင်ဟွာသတင်းတွင် ဖော်ပြသည်။

တရုတ်၊ ပြင်သစ်၊ အီတလီ၊ မလေးရှား၊ ပါကစ္စတန်၊ တူရကီ၊ ဗြိတိန်နှင့် အမေရိကန်တို့မှ ရေတပ်သင်္ဘောများသည်ပါကစ္စတန်ကမ်းရိုးတန်း ကမ်းလွန်၌ ပူးတွဲလေ့ကျင့်ခဲ့ကြကြောင်း တရုတ်ရေတပ်မှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ပင်လယ်ပြင်အတွင်း ကယ်ဆယ်ရေးနှင့် ရှာဖွေရေးဆိုင်ရာ ပူးတွဲလေ့ကျင့်မှုကို တရုတ်ရေတပ်က ဦးဆောင်ပြုလုပ်ခြင်းမှာ ပထမဆုံးအကြိမ် ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

မတ် ၆ ရက်မှ ၁၃ ရက်အထိ ကြာမြင့်မည့် နိုင်ငံတကာ ပူးတွဲစစ်ရေး လေ့ကျင့်မှုအစီအစဉ် တစ်စိတ်တစ်ဒေသအရ ပင်လယ်ပြင်အတွင်း ကယ်ဆယ်ရေးနှင့် ရှာဖွေရေးဆိုင်ရာ ပူးတွဲလေ့ကျင့်မှုကို ပြုလုပ်ခြင်းဖြစ်သည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

တရုတ်နိုင်ငံ ဖူကျန့်ပြည်နယ် ဖူကျိုးမြို့တွင် ကမ္ဘာလှည့်ခရီးသည်များအားဆွဲဆောင်နိုင်သည့် ဝန်ကျင်းဥယျာဉ်ကို မတ် ၁၀ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အိပ်ချ်ပီကွန်ပျူတာများ ဂျပန်တွင် ရောင်းချမည်

တိုကျို မတ် ၁၁

Hewlett-Packard ကုမ္ပဏီက ပြုလုပ်သော စီးပွားရေးလုပ်ငန်းသုံး ပီစီကွန်ပျူတာများကို ဂျပန်နိုင်ငံတွင် ဟီတာချီ ကုန်အမှတ်တံဆိပ်ဖြင့် ဖြန့်ချိရောင်းချမည်ဖြစ်ကြောင်း ဂျပန်နိုင်ငံရှိ အီလက်ထရွန်နစ်ပစ္စည်း ထုတ်လုပ်ရေး ဟီတာချီကုမ္ပဏီက မတ် ၉ ရက်တွင် ပြောကြားသည်။

ဟီတာချီကုမ္ပဏီသည် ပီစီကွန်ပျူတာနှင့် ဆော့ဖ်ဝဲများထုတ်လုပ်သည့် အမေရိကန် အခြေစိုက်ကုမ္ပဏီဖြစ်သော HP ကုမ္ပဏီနှင့် ကာလကြာမြင့်စွာကတည်းကပင် ဖက်စပ်ဆောင်ရွက်ခဲ့သည်။

HP ကုမ္ပဏီလုပ် ကွန်ပျူတာသစ်များကို ဟီတာချီကုမ္ပဏီက လောလောဆယ် ရောင်းချနေသည့် ဖလော်ရာဟု အမည်ပေးထားသော ကွန်ပျူတာများ၏ နေရာတွင် အစားထိုးရောင်းချနိုင်မည်ဖြစ်ကြောင်း ဟီတာချီကုမ္ပဏီ ပြောရေးဆိုခွင့်ရှိသူ မာဆာယူကီတာကီချီက ပြောကြားသည်။

အင်တာနက်။

ဂျီနီဗာ မော်တော်ကားပြပွဲတွင် ပြသထားသည့် တိုယိုတာကုမ္ပဏီက အနာဂတ်တွင် ထုတ်လုပ်မည့် လောင်စာနှစ်မျိုး သုံးနိုင်သော ကားပုံစံသစ်ကို မတ် ၁၀ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*



ဘဂ္ဂဒက်လေဆိပ်တွင် စိန်ပြောင်းကျည်ကျရောက်

ဘဂ္ဂဒက် မတ် ၁၁

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့ရှိ နိုင်ငံတကာလေဆိပ် ပရဝဏ်အတွင်း ကြာသပတေးနေ့က စိန်ပြောင်းကျည်ငါးလုံး ကျရောက်ပေါက်ကွဲပြီး စိန်ပြောင်းကျည်တစ်လုံးသည် လေဆိပ်ခရီးသည်များ နားနေဆောင်ကို ထိမှန်ကြောင်း၊ သို့ရာတွင် သေဆုံးသူမရှိကြောင်း လုံခြုံရေးသတင်းရပ်ကွက်က ပြောကြားသည်။

တိုက်ခိုက်မှုဖြစ်ပွား

မည်သူမျှထိခိုက်ခြင်းမရှိကြောင်း၊ ကျည်နှစ်လုံးသည် လူမရှိသည့်နေရာတွင် ကျရောက်ကြောင်း၊ သို့ရာတွင်စိန်ပြောင်းကျည်တစ်လုံးသည် အဆောက်အအုံ၏ ခုနစ်ထပ်ကို ထိမှန်ခဲ့ကြောင်း လုံခြုံရေးသတင်းရပ်ကွက်က ရိုက်တာသတင်းဌာနသို့ ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ။

ပြည်တွင်းသတင်းမှတ်စု

ပြည်တွင်းခရီးစဉ်များ စီစဉ်ဆောင်ရွက်ပေးလျက်ရှိ

မြန်မာ့ခရီးသွားလုပ်ငန်း၌ာနသည် ပြည်တွင်းခရီးသွားများ မြန်မာပြည်အနှံ့ လွယ်ကူစွာနှင့် စရိတ်သက်သာစွာ ခရီးသွားလာနိုင်စေရန် ဘုရားဖူးခရီးစဉ်၊ ဒေသန္တရ လေ့လာရေးခရီးစဉ်၊ အပန်းဖြေခရီးစဉ်စသည့် ခရီးစဉ်မျိုးစုံကို အစုအဖွဲ့အလိုက်ဖြစ်စေ၊ အဖွဲ့ငယ်အလိုက်ဖြစ်စေ လွယ်ကူသက်သာပျော်ရွှင်စွာ သွားလာနိုင်ရေး စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ စီစဉ်ဆောင်ရွက်ပေးရာတွင် ရန်ကုန်–ကျိုင်းတုံ–တာချီလိတ်ခရီးစဉ်၊ ရန်ကုန်–တောင်ကြီး–အင်းလေး–ပင်းတယခရီးစဉ်၊ ရန်ကုန်–ပုဂံ–ပုပ္ပားခရီးစဉ်၊ ရန်ကုန်–ချောင်းသာ အပန်းဖြေခရီးစဉ်၊ ရန်ကုန်–ငွေဆောင်အပန်းဖြေခရီးစဉ်များကို အဆင့်မြင့်ယာဉ်များဖြင့် ပို့ဆောင်လျက်ရှိသည်။

ယခုနှစ် သင်္ကြန်ပွဲတော်တွင် အထူးအစီအစဉ်တစ်ရပ်အနေဖြင့် ရန်ကုန်–ငပလီ–ရန်ကုန် (၄ညအိပ်/၅ရက်)ခရီးစဉ်ကို ရောင်းချပေးမည်ဖြစ်ပြီး အသေးစိတ် သိရှိလိုပါက မြန်မာ့ခရီးသွား လုပ်ငန်း၌ာန အမှတ်(၇၇–၉၁) ဆူးလေဘုရားလမ်း ရန်ကုန်မြို့ ဖုန်း–၂၅၂၈၅၉ နှင့် ၃၇၈၃၇၆ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သတင်းရရှိသည်။

မူကြိုဆရာအတတ်ပညာသင်တန်းအပတ်စဉ်(၁၄) ဖွင့်ပွဲကျင်းပ

ပညာရေးဝန်ကြီး၌ာန မြန်မာနိုင်ငံ ပညာရေးသုတေသနအဖွဲ့ ဦးစီး၌ာန မူကြိုဆရာအတတ်ပညာရေး သင်တန်းကြီးကြပ်ရေးကော်မတီက ကြီးမှူးဖွင့်လှစ်သော မူကြိုဆရာအတတ် ပညာရေးသင်တန်းအပတ်စဉ်(၁၄)ဖွင့်ပွဲကို ယနေ့နံနက် ၈နာရီခွဲ တွင် ကမာရွတ်မြို့နယ် ပြည်လမ်းရှိ အဆိုပါ ဦးစီး၌ာနရုပ်ရှင်ခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံ ပညာရေးသုတေသနအဖွဲ့ဦးစီး၌ာန ညွှန်ကြားရေးမှူးချုပ် ဦးအုန်းမြင့်က သင်တန်းဖွင့် အမှာစကားပြောကြားသည်။

အဆိုပါ သင်တန်းတွင် မူကြိုပညာရေးနည်းပညာသင်ရိုးများနှင့်အညီ နေ့စဉ် နံနက် ၉နာရီမှ ညနေ ၄နာရီအထိ ရက် ၂၀ကြာ သင်ကြားပို့ချသွားမည် ဖြစ်ပြီး သင်တန်းအပတ်စဉ်(၁၅)ကို ဧပြီလအတွင်း ဆက်လက်ဖွင့်လှစ်သွားမည် ဖြစ်ကြောင်း သတင်းရရှိသည်။

ဘိုးဘွားရိပ်သာ စုပေါင်းလုပ်အားဒါနပြု

(၆၂)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် မုဒုံမြို့ ဘိုးဘွား ရိပ်သာပတ်လည် ခြံစည်းရိုး စုပေါင်းလုပ်အားဒါနပြုကာရံပေးခြင်း၊ ချုံနွယ် ပိတ်ပေါင်းများ ခုတ်ထွင်ရှင်းလင်းပေးခြင်းကို ဖေဖော်ဝါရီ ၁၅ရက် နံနက်ပိုင်းက ဆောင်ရွက်ကြရာ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးချစ်ရီ၊ မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးဇော်မြင့်၊ ဥပဒေအရာရှိ ဦးသန်းစိုး၊ မြို့နယ်စာရင်းဦးစီးအရာရှိ ဒေါ်မြင့်မြင့်စိုး၊ မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူး ဦးမောင်မောင်အေး၊ မြို့မ(၂)ရပ်ကွက်ဥက္ကဋ္ဌ ဦးအောင်ကြည်၊ ဘိုးဘွားရိပ်သာ ဥက္ကဋ္ဌ ဦးပိုးရီနှင့် အမှုဆောင်များတက်ရောက်၍ လုပ်အားဒါနပြုဆောင်ရွက် ကြသည်။

နွေရာသီအားကစားသင်တန်းများ တောင်ကြီး၌ဖွင့်

ရှမ်းပြည်နယ်(တောင်ပိုင်း) အားကစားနှင့်ကာယပညာဦးစီး၌ာနမှ ကြီးမှူး၍ နွေရာသီ အားကစားသင်တန်းများအဖြစ် တောင်ကြီးမြို့ မြို့နယ်အားကစားကွင်း အားကစားရုံ၊ ခြင်းလုံးရုံနှင့် ဝိုင်အမ်စီအေ အားကစားရုံများတွင် ဘောလုံး၊ ပြေးခုန်ပစ်၊ ဘော်လီဘော၊ ဘတ်စကက်ဘော၊ ဂျူဒို၊ ကရာတေးဒို၊ သိုင်း၊ ကြက်တောင်၊ ခြင်းလုံး၊ အေရိုးဗစ်၊ ခရစ်ကက် အားကစားနည်း ၁၁မျိုးကို မတ် ၇ရက်မှ ဧပြီ ၆ရက်အထိသင်ကြားလျက်ရှိရာ သင်တန်းသား၊ သင်တန်းသူ ၅၂၀၀တက်ရောက်လျက်ရှိကြောင်း သတင်းရရှိသည်။

ကျေးလက်စက်ရေတွင်း ပြီးစီးမှုစစ်ဆေး

စစ်ကိုင်းတိုင်း အရာတော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ၂၀၀၆–၂၀၀၇ ဘဏ္ဍာရေးနှစ်အတွင်း ကျေးလက်ရေပေးရေး၊ စက်ရေတွင်း တူးဖော်ခြင်း လုပ်ငန်း ရာခိုင်နှုန်းပြည့်ပြီးစီးမှုကို ချောင်းဆုံနှင့် ဘုလက္ခတ်ကျေးရွာ များသို့ ဖေဖော်ဝါရီ ၁၈ရက်က အမှုဆောင်အရာရှိ ဦးသိန်းမင်း ကွင်းဆင်းစစ်ဆေးရာ အငယ်တန်းအင်ဂျင်နီယာ(၂) ဦးသင်းအောင်က ရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။ (ကြေးမုံ)



ဇမ္ဗူအေးစကြာရှင် စေတီတော် အရံစေတီတော်များ အုတ်မြစ်စီ

ရန်ကုန် မတ် ၁၂

ရန်ကုန်မြောက်ပိုင်းခရိုင် တိုက်ကြီး မြို့နယ် ပန်းတစ်ပွင့်တောင် တောရ သာသနာ့နယ်မြေ ပန်းတစ်ပွင့်တောင် ထွတ်ရှိ ရှေးဟောင်း ဇမ္ဗူအေးစကြာရှင် ဆယ့်တစ်မီးငြိမ်း စေတီတော်မြတ် ရင်ပြင်တော်ပေါ်၌ ပန်းတစ်ပွင့်တောင် ဆရာတော် သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ပညာသာရက ကြီးမှူးတည်ဆောက် လျက်ရှိသော ကိုးတောင်ပြည့်အရံစေတီ တော် ၂၇ဆူ၊ နဂါးရုံဘုရား ကိုးဆူနှင့် ဂြိုဟ်ခွင် ဘုရားရှစ်ဆူတို့ အုတ်မြစ် တော်စီ မင်္ဂလာနှင့် ဂြိုဟ်ခွင်များတွင် သီတင်းသုံးမည့် ရုပ်ပွားတော်မြတ်များ ပင့်ဆောင်ပူဇော်ပွဲကို ယနေ့နံနက် ၁၀နာရီတွင် အဆိုပါ စေတီတော်မြတ် အာရုံခံပတ်လမ်း၌ ကျင်းပရာ ပန်းတစ်ပွင့်တောင် ဆရာတော်နှင့် ပင့်သံဃာတော်များ၊ သီလရှင်များ ကြွရောက်တော်မူကြပြီး ဆီမီး ၉၉၀၀ အဖွဲ့(အင်းစိန်)ဥက္ကဋ္ဌ ဦးဘိုကြည် (ဒေါက်တာဗိုလ်သံမဏိ–တောင်တွင်း ကြီး)နှင့် အမှုဆောင်များ၊ အလှူရှင်များ တက်ရောက် ကြည်ညိုကြသည်။

ဆက်ကပ်လှူဒါန်း

ရှေးဦးစွာ ပန်းတစ်ပွင့်တောင် ဆရာ တော်ထံမှ ပရိသတ်တို့က ကိုးပါးသီလ ခံယူဆောက်တည်ကြပြီး အရံစေတီတော် တစ်ဆူလျှင် ငွေကျပ် ကိုးသိန်းဖြင့် ဦးကျော်လွင် (ဥက္ကဋ္ဌ၊ ရွှေပေါက်ကံ စက်မှုဇုန်) – ဒေါ်သန်းသန်းတင့် **(အပေါ်ပုံ)** သမီး မဇင်မာဝင်း၊ သား မောင်ရန်ပိုင်အောင်၊ သမီး မဝင့်သဒ္ဒါ ကျော်မိသားစု (ကျော်မင်းဟိန်းစက္ကူ စက်)နှင့် ဦးထိန်လင်း–ဒေါ်လင်ရှုလွမ်း တို့အား ရည်စူး၍ ကျန်ရစ်သူ လသာ မြို့နယ်မှ သားသမီးတစ်စုတို့က ဆရာ တော်ထံ အလှူငွေများဆက်ကပ်လှူဒါန်း ကြသည်။

ပင့်ဆောင်ပူဇော်

ထို့နောက် ပန်းတစ်ပွင့်တောင် ဆရာ တော်နှင့် စိန်ပန်းကျောင်းဆရာတော် ဘဒ္ဒန္တ ဝိသုဒ္ဓတို့က အရံစေတီတော်များ နှင့် နဂါးရုံဘုရားများအား အုတ်မြစ်များ စီပေးကြကာ ဂြိုဟ်ခွင် ရှစ်ခုတွင် သီတင်းသုံးမည့် ရုပ်ပွားတော်မြတ်များ အား အလှူရှင်များနှင့်အတူ ပင့်ဆောင် ပူဇော်ကာ ရွှေမိုးငွေမိုးများ ရွာသွန်းဖြိုး ပေးကြသည်။

ကိုးတောင်ပြည့် အရံစေတီတော် ၂၇ဆူနှင့် နဂါးရုံဘုရား ကိုးဆူတို့ အတွက် လှူဒါန်းလိုသူများသည် ပန်းတစ်ပွင့်တောင်ဆရာတော် ဖုန်း– ၀၅၅–၂၀၂၅၉၊ ၂၀၅၃၃ သို့ ဆက်သွယ် လှူဒါန်းနိုင်သည်။

(သတင်းစဉ်)

မီးဘေးကြိုတင်ကာကွယ်ရေး ကြည့်ရှုစစ်ဆေး

ရန်ကုန် မတ် ၁၂

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီး၌ာန မီးသတ်ဦးစီး၌ာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ထွန်းသည် ယနေ့နံနက်ပိုင်းတွင် တာဝန်ရှိသူများ လိုက်ပါလျက် ရွှေတိဂုံစေတီတော်ရှိ သာသနိကအဆောက်အအုံ များတွင် မီးသတိမူရေး၊ မီးဘေးကြိုတင် ကာကွယ်တားဆီးရေး၊ အရေးပေါ် မီးငြိမ်းသတ်ရေးတို့အတွက် မီးသတ်ဦးစီး၌ာန၏ အကြံပြုသဘောထားများအပေါ် ဆောင်ရွက်ပြီးစီးမှု အခြေအနေများအား လိုက်လံကြည့်ရှုစစ်ဆေးကြောင်း သတင်း ရရှိသည်။ **(အပေါ်ပုံ)** (သတင်းစဉ်)

သန်လျင်မြို့နယ်မှ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ အလှူခံ ရရှိခဲ့သော ဆရာတော်ကြီးများနှင့် သီလရှင်ဆရာကြီးတို့အား ဂုဏ်ပြုပူဇော်ပွဲကို မတ် ၂ရက်က သန်လျင်မြို့ သာသနာ့ဗိမာန်တော်ကြီး၌ကျင်းပရာ ဗိုလ်ချုပ်ရွာ ပါရမီသီလရှင်စာသင်တိုက်မှ ဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ သီလရှင် ဆရာကြီး ဒေါ်တီရဏာဉာဏီအား မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်မြင့်ရီ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ (၅၂၇)

အောင်စေတီသာသနာ့ဗိမာန်ကျောင်းတိုက် ပဓာန နာယကဆရာတော် ဘဒ္ဒန္တစတိလ၏ အဂ္ဂမဟာပူဇာသဘင် ကျင်းပမည်

ရန်ကုန် မတ် ၁၂

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ (၅၉)နှစ်မြောက် လွတ်လပ်ရေးနေ့ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များအပ်နှင်းရာတွင် **"အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ"**ဘွဲ့တံဆိပ်တော်ဆက်ကပ်လှူဒါန်းခြင်းခံရသော ရန်ကုန်မြို့ အင်းစိန်မြို့နယ် ၁၀မိုင် ဈေးဘွားကြီးကုန်းရပ်ကွက် အောင်စေတီ သာသနာ့ဗိမာန်ကျောင်းတိုက် ပဓာနနာယက ဆရာတော်အရှင် ဘဒ္ဒန္တ စတိလ၏ အဂ္ဂမဟာပူဇာသဘင်နှင့် သက်တော် (၈၇)နှစ် သိက္ခာတော် (၆၇)ဝါပြည့်မြောက် ပုနောပသမ္ပဒ အဘိဝိဇာတမင်္ဂလာပူဇော်ပွဲကို မတ် ၁၈ရက်တွင် အဆိုပါ အောင်စေတီသာသနာ့ဗိမာန်ကျောင်းတိုက်၌ နံနက် ၈နာရီခွဲတွင်ကျင်းပမည် ဖြစ်သည်။ ယင်းနေ့ နံနက် ၈နာရီတွင် သိက္ခာထပ်၊ သိမ်ဆင်းမည်ဖြစ်ရာ ကြွရောက်ကြည်ညိုလှူဒါန်းနိုင်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

အင်တာနက် ကျန်းမာရေးသတင်း

အစာအိမ်အူလမ်းကြောင်းရောဂါကို ဝါယာလက်ဆေးတောင့်သုံး၍ လေ့လာနိုင်ပြီ

ဗန်ကောက် မတ် ၁၂

သမားရိုးကျ အစာအိမ်အူလမ်းကြောင်းကြည့်ကိရိယာကို အသုံးပြု၍ အူလမ်းကြောင်းအတွင်း ရောဂါရှာဖွေပါက ဝေဒနာသည်အတွက် မအီမသာ ဖြစ်ရသော အခြေအနေကို သက်သာစေမည့် ဆေးတောင့်မျို၍ ရောဂါရှာဖွေ သောနည်းကို ထိုင်းဆရာဝန်များ စမ်းသပ်သုံးစွဲနေသည်။

ထိုနည်းလမ်းကို ဝါယာလက်ဆေးတောင့်သုံး အစာအိမ်အူလမ်းကြောင်း ရောဂါရှာဖွေနည်း(Wireless Capsule Endoscopy)ဟုအမည်ပေးထားသည်။ ထိုနည်းလမ်းဖြင့် ရောဂါရှာဖွေပါက သမားရိုးကျ နည်းလမ်းဖြင့် ကြည့်ရှု၍ မရသော အလွန်နက်သော အစာအိမ်အတွင်းပိုင်းအထိပါ လေ့လာနိုင်ခွင့် ရသည်ဟု ဆိုသည်။

အစာအိမ်အူလမ်းကြောင်းရောဂါရှာ ကိရိယာကို ပါးစပ်မှသွင်း၍ ရှာသည် ဖြစ်စေ၊ စအိုပိုင်းမှ ပိုက်ကိုသွင်း၍ ရှာဖွေသည်ဖြစ်စေ အူလမ်းကြောင်း၏ အချို့သောအပိုင်းများကို ကြည့်ရှုရန်မဖြစ်နိုင်ကြောင်း သိရသည်။ သို့သော် ယခုသုံးစွဲသည့် ဝါယာလက်ဆေးတောင့်သုံး အူလမ်းကြောင်းရောဂါ ရှာဖွေရေး နည်းလမ်းတွင် ဆေးတောင့်သည် ပါးစပ်ပေါက်မှဝင်၍ စအိုလမ်းကြောင်းမှ ပြန်ထွက်သွားမည်ဖြစ်ရာ အစာချေအူလမ်းကြောင်းတစ်လျှောက်လုံးကို လေ့လာ နိုင်သည်ဟု ဆိုသည်။

ဤနည်းလမ်းကို ထိုင်းနိုင်ငံ ဆာမီတီဗစ်ဆူကမ်ဗစ်ဆေးရုံ၌ သုံးစွဲနေ ကြောင်း ပညာရှင် ပီတူလက်အစွာကူးလ်က ပြောကြားသည်။ ထိုဆေးရုံက အသုံးပြုသော ဝါယာလက်ဆေးတောင့် အရွယ်အစားမှာ ၂၆ မီလီမီတာရှည်ပြီး ၁၁ မီလီမီတာ အကျယ်ရှိသည်။ ယင်းဆေးတောင့်တွင် အလွန်သေးသော ကင်မရာငယ် တစ်ခုပါရှိကာ ရှစ်နာရီကြာအသုံးပြုနိုင်သည့် ဘက်ထရီလည်း ပါရှိသည်။ ထိုဆေးတောင့်ကိုအသုံးပြု၍ လူနာ၏ အူလမ်းကြောင်းအတွင်း ရောဂါရှာဖွေပါက ဘက်ထရီသက်တမ်းတစ်လျှောက် ဓာတ်ပုံ ပေါင်း ၅၅,၀၀၀ ကို ရိုက်ယူလေ့လာနိုင်ကြောင်း သိရသည်။

ဝါယာလက်ဆေးတောင့်တစ်တောင့်၏ တန်ဖိုးသည် အမေရိကန်ဒေါ်လာ ၈၅၀ ခန့် တန်ဖိုးရှိပြီး ယင်းကိုသုံးစွဲ၍ ရောဂါရှာဖွေလျှင် စုစုပေါင်း အမေရိကန်ဒေါ်လာ ၁၁၃၀ ခန့်အထိ ကုန်ကျသည်ဟုဆိုသည်။

အင်တာနက်။

အစာအိမ်အူလမ်းကြောင်းရောဂါရှာ ဝါယာလက်ဆေးတောင့်အား ပုံကြီးချဲ့ထားသည်ကို တွေ့ရစဉ်။ *(ဓာတ်ပုံ–အင်တာနက်)*

ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်နှင့် ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် ကယားပြည်နယ်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်၊ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သူရမြင့်မောင်နှင့် သစ်တောရေးရာ ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်တို့ ကယန်းသာယာ(တောင်)ကျေးလက်ကျန်းမာရေးဆေးပေးခန်း တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးကြစဉ်။ (သတင်းစဉ်)

နေပြည်တော် မတ် ၁၂

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်များဖြစ်ကြသော သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်နှင့် သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်တို့သည် ကယားပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးညွန့်တင် လိုက်ပါလျက် မတ် ၁၀ ရက် နံနက်ပိုင်းတွင် လွိုင်ကော်မြို့နယ် ဒေါနိုးကူးရပ်ကွက် ကိုယ့်အားကိုယ်ကိုး မူလတန်းကြိုကျောင်း ကျောင်းဆောင်သစ်ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်အားပေးကြသည်။

ဗဟိုအလုပ်အမှုဆောင်များ၊ပြည်နယ် ဥက္ကဋ္ဌနှင့်အဖွဲ့သည် မွန်းလွဲပိုင်းတွင် လွိုင်ကော်မြို့နယ် ကယန်းသာယာ (မြောက်) အခြေခံပညာမူလတန်းကျောင်း ကျောင်းဆောင် ပြုပြင်ပြီးစီးမှုနှင့် ကျောင်းဆောင်သစ်ဆောက်လုပ်နေမှု အခြေအနေများကိုလည်းကောင်း၊ ကယန်းသာယာ (တောင်) ကျေးလက်ကျန်းမာရေးဆေးပေးခန်း တည်ဆောက်နေမှု အခြေအနေကိုလည်းကောင်း၊ ကြည့်ရှုစစ်ဆေးကြပြီး ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်က ဆေးပေးခန်းတည်ဆောက်ရန် အလှူငွေကျပ် ၁၀ သိန်းကို ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ဗဟိုအလုပ်အမှုဆောင်များ၊ ပြည်နယ်ဥက္ကဋ္ဌနှင့် အဖွဲ့သည် နည်းပညာတက္ကသိုလ် (လွိုင်ကော်) တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးကြပြီး လွိုင်ကော်မြို့ ဇိနောဇယရန်ငြိမ်းအေး အောင်တော်မူ ဘုရားကြီးအား ဖူးမြော်ကြည်ညိုကြသည်။

ဗဟိုအလုပ်အမှုဆောင်များ၊ပြည်နယ် ဥက္ကဋ္ဌနှင့် အဖွဲ့သည် မတ် ၁၁ ရက် နံနက်ပိုင်းတွင် ဒီမောဆိုမြို့နယ် မြို့မတောင်တန်းသာသနာပြုကျောင်း ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ သောဘနအား ဖူးမြော်ကြည်ညိုပြီး ကျောင်းဆောင်သစ်ဆောက်လုပ်ရန် အလှူငွေကျပ် ၁၃ သိန်း ပေးအပ်လှူဒါန်းသည်။

ယင်းနောက် ဗဟိုအလုပ်အမှုဆောင်များနှင့် ပြည်နယ်ဥက္ကဋ္ဌတို့သည် လွိုင်ကော်မြို့နယ် ဓမ္မာရုံရပ်ကွက် မြို့လယ်ဓမ္မာရုံဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်၍ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ ထို့နောက် ဝန်ကြီး ဗိုလ်မှူးချုပ် သူရမြင့်မောင်က ဓမ္မာရုံဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး ဓမ္မာရုံအတွင်း၌ ဆရာတော် သံဃာတော်များအား ဆွမ်းဆက်ကပ်၍ ဆရာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်း ပေးအပ်သည်။

ဗဟိုအလုပ်အမှုဆောင်များ၊ပြည်နယ် ဥက္ကဋ္ဌနှင့်အဖွဲ့သည် မွန်းလွဲပိုင်းတွင် လွိုင်ကော်မြို့ မြို့နံ့ရွှေစေတီ ဘုရားဝင်းအတွင်း အမှတ်(၁) စက်မှုဝန်ကြီးဌာန၏ အထူးဈေးရောင်းပွဲတော် ဖွင့်ပွဲသို့ တက်ရောက် ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ဈေးဆိုင်ခန်းများကို လှည့်လည်ကြည့်ရှု အားပေးကြသည်။

(သတင်းစဉ်)

ဂုဏဝိသိဋ္ဌ ပူဇာသဘင် ကျင်းပမည်

ရန်ကုန် မတ် ၁၂

ရန်ကုန်တိုင်း ကွမ်းခြံကုန်းမြို့ ပါရမီစံကျောင်း ပရိယတ္တိစာသင်တိုက် မဟာဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ပဓာန နာယကဆရာတော် ဘဒ္ဒန္တ သုနန္ဒရသီရိအား ဂုဏဝိသိဋ္ဌပူဇော်ပွဲနှင့် ဧရာဝတီတိုင်း မအူပင်မြို့နယ် ထရော်ကွဲလမ်းနေ အလှူ့ဒါယကာ ဦးထွန်းရွှေ၊ အလှူ့ဒါယိကာမ ဒေါ်ခင်မေ မိသားစုတို့၏ ရှင်ပြုရဟန်းခံအလှူ၊ ဘုရားဆင်းတုတော်၊ ပလ္လင်ကျောင်းဆောင်မုခ်ဦး၊ နတ်လမ်း၊ ကုဋီ၊ ရေကန်များ ရေစက်ချပွဲကို မတ် ၁၅ ရက်တွင် ပါရမီစံကျောင်း စာသင်တိုက်၌ ကျင်းပမည်ဖြစ်သည်။

အကြိုည တရားပွဲအဖြစ် မဟာဓမ္မကထိက ဗဟုဇန ဟိတဓရ သံတွဲဆရာတော်နှင့် မအူပင် ဦးကုမုဒအရှင်မြတ်တို့က တရားဟောကြားမည်ဖြစ်ကြောင်း သိရသည်။ (က–ပ)

မော်လမြိုင်မြို့ သမိုင်းဝင် ကျိုက်သလွံစေတီတော်မြတ်ကြီး ပရိဝုဏ်အတွင်းရှိ ဘက်စုံလုပ်ငန်းများပြုပြင်တည်ဆောက်ရန်အတွက် မတ် ၁၀ရက်က ရန်ကုန်မြို့ ဘောက်ထော် မြရတနာလမ်းနေ ဦးမြင့်ဆွေ(မွေးနေ့အထိမ်းအမှတ်) ငွေကျပ်တစ်သိန်းပေးအပ်လှူဒါန်းရာ ဂေါပကအဖွဲ့ဝင် ဦးကိုမင်းနှင့်ဦးစန်းမြင့်တို့ လက်ခံယူစဉ်။ (၃၀၇)

သင်ယူပြီးမြောက်ခြင်း လက်မှတ် ချီးမြှင့်

ရန်ကုန် မတ် ၁၂

မရမ်းကုန်းမြို့နယ် လူမှုဝန်ထမ်းဦးစီးဌာန လူငယ်သင်တန်းကျောင်းများအတွင်းရှိ မရမ်းကုန်းမြို့နယ် အမက (၁၅)၊ (၂၁) နှင့် (၂၈) ကျောင်းများ၏ ၂၀၀၆–၂၀၀၇ ပညာသင်နှစ် မူလတန်းအဆင့် ပညာသင်ယူပြီးမြောက်ခြင်း လက်မှတ်ချီးမြှင့်ပွဲကို ယမန်နေ့နံနက်က ကျိုက်ဝိုင်း လူငယ်သင်တန်းကျောင်း လူမှုဝန်ထမ်းဦးစီးဌာနခန်းမ၌ ကျင်းပရာ လူမှုဝန်ထမ်းဦးစီးဌာနမှ တာဝန်ရှိသူများ၊ မရမ်းကုန်းမြို့နယ် ပညာရေးဌာနမှ တာဝန်ရှိသူများ၊ လူမှုဝန်ထမ်းသင်တန်းကျောင်းများမှ ကျောင်းအုပ်ကြီးများ၊ အဆိုပါကျောင်းများမှ ကျောင်းအုပ်ကြီးများ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြပြီး ကျောင်းသား၊ ကျောင်းသူများအား သင်ယူပြီးမြောက်ခြင်း လက်မှတ်များ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ အလှူရှင်များက ကျောင်းသား၊ ကျောင်းသူများအား ကျောင်းသုံးဖတ်စာအုပ်၊ ဗလာစာအုပ်များနှင့် နံနက်စာတို့ဖြင့် ကျွေးမွေးလှူဒါန်းကြသည်။

(က–ပ)

မိုးကုတ် ဝိပဿနာ တရားစခန်းဖွင့်မည်

ရန်ကုန် မတ် ၁၂

သန်လျင်မြို့နယ် ဗိုလ်ချုပ်ရွာ သုဓမ္မာကျောင်းတိုက် မိုးကုတ်ဝိပဿနာ ဓမ္မရိပ်သာကြီးတွင် ဧပြီ ၁၃ ရက်မှ ၁၉ ရက်အထိ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း အဂ္ဂမဟာပဏ္ဍိတ ကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တ တေဇနိယ(ဇလွန်)နှင့် သဒ္ဓမ္မ ကထိက ဆရာကြီး ဦးကျော်နိုင်(မန္တလေး)တို့ က ပဋိစ္စသမုပ္ပါဒ်သစ္စာလေးပါးတရားတော်များကို ဟောကြားမည်ဖြစ်ရာ တရားစခန်းဝင်လိုသော ယောဂီများနှင့် အလှူရှင်များ ဖုန်း–၀၅၆–၂၁၉၅၅ သို့ ဆက်သွယ်စာရင်းပေးသွင်းလှူဒါန်းနိုင်ကြောင်း သိရသည်။ (က–ပ)

သီတဂူကြယ်တစ်ပွင့်၏ ဓမ္မသဘင်

ရန်ကုန် မတ် ၁၂

မန္တလေး – ပြည်ကြီးတံခွန် – တံခွန်တိုင် – တမာတန်း – ငြိမ်းချမ်းရွှေပြည်ကျောင်းတိုက် ဆရာတော် သာသနဓဇ ဓမ္မာစရိယ သဒ္ဓမ္မဇောတိကဓဇ ဓမ္မကထိက ဗဟုဇနဟိတဓရ သီတဂူကြယ်တစ်ပွင့် အရှင်ပညာနန္ဒသည် မတ် ၁၉၊ ၂၀ ရက် ညတွင် ရေးမြို့၊ ၂၁၊ ၂၂ ရက် ညတွင် ဇီးဖြူသောင်ရွာ၊ ရေးမြို့နယ်၊ ၂၃ ရက် ညတွင် ဒမင်းဆိပ်ရွာ၊ ရေးမြို့နယ်၊ ၂၄၊ ၂၅ ရက် ညတွင် အစင်ရွာ၊ ရေးမြို့နယ်၊ ၂၆၊ ၂၇ ရက် ညတွင် ကျိုက္ခမီမြို့၊ ၂၈၊ ၂၉ ရက် ညတွင် ထုံးအိုင်ရွာ၊ ကရင်ပြည်နယ်၊ ၃၀ ရက် ညတွင် အလူးကြီးရွာ၊ ကျိုက်ထိုမြို့၊ ၃၁ ရက် ညတွင် အင်းတိုင်ရွာ၊ လှည်းကူးမြို့၊ ဧပြီ ၁ ရက်(ဆည်းဆာတွင်) (၁၆/၃)ရပ်ကွက်၊ သဃ်န်းကျွန်း၊ ရန်ကုန်၊ (ယင်းညတွင်)ပေါက်ကုန်းရပ်၊ မင်္ဂလာဒုံ၊ ဧပြီ ၂ ရက်မှ ၁၃ ရက်အထိ အိန္ဒိယ၊ နီပေါနိုင်ငံ ဘုရားဖူးခရီး၊ ၁၄၊ ၁၅ ရက် ညတွင် အမရဝတီ တရားစခန်း၊ ကုန်းတလပေါင်၊ မင်္ဂလာဒုံ၊ ဧပြီ ၁၆ ရက်ညတွင် အုတ်ဖိုမြို့၊ ဧပြီ ၁၇ ရက် ညတွင် ဝေဘာဂီလမ်းမ၊ မြောက်ဥက္ကလာပ၊ ရန်ကုန်၊ ၁၈၊ ၁၉ ရက် ညများတွင် ယုဇနလမ်း၊ မြောက်ဥက္ကလာပ၊ ရန်ကုန် ဓမ္မသဘင်တို့၌ တရားတော်များ ဟောကြားမည်ဖြစ်သည်။ (က–ပ)

အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီ အတွင်းရေးမှူး ဦးသောင်းညွန့် အမျိုးသားညီလာခံစုံညီအစည်းအဝေး အလှည့်ကျသဘာပတိအဖွဲ့ဝင်များ တွေ့ဆုံညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။(သတင်းစဉ်)

အမျိုးသားညီလာခံ စုံညီအစည်းအဝေး အလှည့်ကျ သဘာပတိအဖွဲ့ဝင်များ ညှိနှိုင်းအစည်းအဝေး ကျင်းပ

ရန်ကုန် မတ် ၁၂

အမျိုးသားညီလာခံ စုံညီအစည်းအဝေး အလှည့်ကျသဘာပတိအဖွဲ့ဝင်များ တွေ့ဆုံညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ ကျိုက္ကဆံကွင်းရှိ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် အမျိုးသားညီလာခံ ကျင်းပရေး လုပ်ငန်းကော်မတီ အတွင်းရေးမှူး ဦးသောင်းညွန့်၊ တွဲဖက်အတွင်းရေးမှူး(၁) ဦးခင်မောင်မြင့်၊ တွဲဖက်အတွင်းရေးမှူး(၂) ဒေါက်တာသောင်းမြင့်၊ လုပ်ငန်းကော်မတီဝင် ဦးဘဟန်၊ အမျိုးသားညီလာခံစုံညီအစည်းအဝေး အလှည့်ကျ သဘာပတိအဖွဲ့ဝင်များဖြစ်ကြသော ဒေါက်တာ မောင်မောင်ဝင့်၊ ဦးမျိုးသန့်(မောင်ဆုရှင်)၊ ဦးစောဖီးလစ်(ခေါ်) ဦးဖီးလစ်ဆမ်၊ ဦးမောင်ကြီး၊ ဦးမောင်လှ(ခ) ဦးလှမြင့်၊ ဦးကံညွန့်၊ ဦးကျော်ဝင်းထွန်း၊ ဦးတင်ခနှင့် ဒေါက်တာမနန်တူးဂျာတို့ တက်ရောက်ကြပြီး အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီရုံးမှ အထောက်အကူပြုရုံးအဖွဲ့ဝင်များ တက်ရောက်ကြသည်။

စာတမ်းများရေးသားပြုစုရန်

ရှေးဦးစွာ အတွင်းရေးမှူး ဦးသောင်းညွန့်က အမှာစကားပြောကြားရာတွင် ၂၀၀၆ ခုနှစ် အောက်တိုဘာ ၁၀ ရက်မှ ၂၀၀၆ ခုနှစ် ဒီဇင်ဘာ ၂၉ ရက်အထိကျင်းပခဲ့သည့် အမျိုးသားညီလာခံစုံညီအစည်းအဝေး၌ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ ဦးအောင်တိုးက ရွေးကောက်တင်မြှောက်ခြင်းအခန်း၊ နိုင်ငံရေးပါတီများ အခန်းနှင့် အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များအခန်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ခြင်းအခန်း၊ နိုင်ငံတော်အလံ၊ အထိမ်းအမှတ်တံဆိပ်၊ သီချင်းနှင့် မြို့တော်အခန်း၊ ကူးပြောင်းရေးကာလပြဋ္ဌာန်းချက်များအခန်း၊ အထွေထွေပြဋ္ဌာန်းချက်များ အခန်းတို့အတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့်မူများနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားခဲ့ပါကြောင်း၊ ယင်းရှင်းလင်းပြောကြားချက်အပေါ် အမျိုးသားညီလာခံကိုယ်စားလှယ်အစုအဖွဲ့ ရှစ်ဖွဲ့တို့က အကြံပြုချက် စာတမ်းများကို စုံညီအစည်းအဝေးသို့ တင်သွင်းခဲ့ပါကြောင်း၊ ယင်းစာတမ်းများအပေါ် အမျိုးသားညီလာခံ စုံညီအစည်းအဝေး အလှည့်ကျသဘာပတိအဖွဲ့က လေ့လာစိစစ်ပြီး တွေ့ရှိချက်များကို အမျိုးသားညီလာခံ ပြန်လည်ကျင်းပသည့်အခါ စုံညီအစည်းအဝေးသို့ တင်ပြနိုင်ရန် စာတမ်းများရေးသားပြုစုရန်အတွက် ယခု အစည်းအဝေး ခေါ်ယူရခြင်းဖြစ်ပါကြောင်း၊ ယင်းသို့ ဆောင်ရွက်ကြရာတွင် အထောက်အကူပြုနိုင်ရေးအတွက် လုပ်ငန်းကော်မတီရုံးက အထောက်အကူပြုရုံးအဖွဲ့ကို တွဲဖက်ပေးထားပါကြောင်း ရှင်းလင်းပြောကြားသည်။

လေ့လာစိစစ်

ထို့နောက် အစည်းအဝေးကို ခေတ္တရပ်နားပြီးနောက် အမျိုးသားညီလာခံ စုံညီအစည်းအဝေး အလှည့်ကျသဘာပတိအဖွဲ့ ညှိနှိုင်းအစည်းအဝေးကို ဆက်လက်ကျင်းပရာ အမျိုးသားညီလာခံ စုံညီအစည်းအဝေး အလှည့်ကျသဘာပတိအဖွဲ့က အမျိုးသားညီလာခံကိုယ်စားလှယ် အစုအဖွဲ့(၈)ဖွဲ့တို့က တင်သွင်းခဲ့သော အကြံပြုချက်စာတမ်းများအပေါ် လေ့လာစိစစ်၍ တွေ့ရှိချက်ကို အမျိုးသားညီလာခံ ပြန်လည်ကျင်းပသည့်အခါ တင်ပြနိုင်ရန် စာတမ်းများရေးသားပြုစုကြပြီး အစည်းအဝေးကို မွန်းလွဲပိုင်းတွင် ရပ်နားလိုက်သည်။

(သတင်းစဉ်)

✻ ကာကွယ်ရေးဝန်ကြီးဌာနမှ
အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ လူမှုရေး အသင်းအဖွဲ့ဝင်များ၊ ဘင်ခရာ၊ ပန်းဖွားအကအဖွဲ့ဝင်များ၊ စည်တော်အဖွဲ့ဝင်များ၊ ဒေသခံပြည်သူများ အင်အား ၄၅၀၀ ကျော် တက်ရောက်ကြသည်။

ဆောင်ရွက်ပေးနိုင်

ရှေးဦးစွာ စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေးက အမှာစကားပြောကြားရာတွင် ပြည်နယ်နှင့်တိုင်း ဒေသများအားလုံး မျှမျှတတ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အထူးဖွံ့ဖြိုးရေး အစီအစဉ်များကို ဆောင်ရွက်လျက်ရှိကြောင်း၊ တစ်ချိန်တည်းမှာပင် နယ်စပ်ဒေသဖွံ့ဖြိုးရေးစီမံကိန်းနှင့် ကျေးလက်ဒေသများ ဖွံ့ဖြိုးရေးစီမံကိန်းများ ရေးဆွဲချမှတ်ပြီး လက်တွေ့ကျကျ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ စီးပွားရေးအခြေခံအဆောက်အအုံ တည်ဆောက်ရေးကဏ္ဍ၊ လမ်းပန်းဆက်သွယ်ရေးကဏ္ဍ၊ စိုက်ပျိုး/မွေးမြူရေးကဏ္ဍ၊ ပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍ၊ ကဏ္ဍအသီးသီးမှာ သိသိသာသာ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပေးနိုင်ခဲ့သည်ကို တွေ့ရမည်ဖြစ်ကြောင်း။

ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် လမ်းပန်းဆက်သွယ်ရေး လုံခြုံချောမွေ့ခြင်းသည် အဓိကကျသောကြောင့် ကျေးရွာချင်းဆက်၊ မြို့ချင်းဆက်၊ ခရိုင်ချင်းဆက်လမ်းများ၊ အဝေးပြေးလမ်းမကြီးများ၊ ကားလမ်းကူးတံတားများ၊ မြစ်ကူး၊ ချောင်းကူး တံတားကြီးများကို တည်ဆောက်ခြင်း၊ မီးရထားလမ်းများ တိုးချဲ့ခြင်း၊ ဆိပ်ကမ်းဖွံ့ဖြိုးရေးလုပ်ငန်းများကို တိုးချဲ့ဆောင်ရွက်ခြင်း၊ လေယာဉ်ကွင်းကြီးများ အဆင့်မြှင့်ခြင်း၊ တိုးချဲ့ခြင်း စသည့် လူမှုစီးပွားအခြေခံအဆောက်အအုံများကို အရှိန်အဟုန်မြှင့် နေ့မအား ညမနား ဆောင်ရွက်ပေးလျက်ရှိကြောင်း။

နိုင်ငံအတွင်း ကတ္တရာလမ်း၊ ကျောက်ခင်းလမ်း၊ အမာခံလမ်းနှင့် မြေသားလမ်း စုစုပေါင်းအနေဖြင့် ၁၉၈၈ ခုနှစ်က မိုင်ပေါင်း နှစ်သောင်းတစ်ထောင်ကျော်သာ ရှိရာမှ ယခုအခါ မိုင်ပေါင်း ခြောက်သောင်းလေးထောင်ကျော်အထိ တိုးတက်ဖြစ်ပေါ်လာပြီဖြစ်ကြောင်း၊ မော်တော်ကားလမ်း၊ ရထားလမ်းများကို တိုးချဲ့ဖောက်လုပ်ရာတွင် လိုအပ်သောနေရာတိုင်း၌ မြစ်ကူးတံတားကြီးများ၊ ချောင်းကူးတံတားများကို ဆောက်လုပ်ပေးခဲ့ရာ အဓိကမြစ်ကြီးများဖြစ်သည့် ဧရာဝတီ၊ ချင်းတွင်း၊ သံလွင်၊ စစ်တောင်းမြစ်တို့အပေါ်၌ ၁၉၈၈ခုနှစ်က တံတားကြီး ငါးစင်းသာရှိခဲ့ပြီး ယခုအခါ မြစ်ကူးတံတားကြီး အစင်း ၂၀ အပါအဝင် ပေ ၁၈၀ နှင့်အထက် ကားလမ်းတံတားပေါင်း အစင်း ၂၂၀ တည်ဆောက်ပေးခဲ့ပြီးဖြစ်ကြောင်း။

ယခုဖွင့်လှစ်လိုက်သည့် မဲဇာတံတား(ဒိုးပင်)သည် အရှည်ပေ ၂၆၀၊ အကျယ် ၁၄ ပေရှိ သစ်ဘောလီ သံပေါင်အမျိုးအစား တံတားဖြစ်ပြီး နိုင်ငံတော်ခွင့်ပြုရန်ပုံငွေကျပ် ၁၈၇ သိန်း ချမှတ်ပေးပြီး ထီးချိုင့်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း။

စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေး ထီးချိုင့်မြို့နယ် မဲဇာချောင်း(ဒိုးပင်ရွာ) တံတားဖွင့်ပွဲတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ယခုလို တည်ဆောက်ခဲ့ရာတွင် ထီးချိုင့်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ဝန်ထမ်းများနှင့် ဒေသခံပြည်သူများ၏ ပေါင်းစည်းညီညွတ်မှုအားဖြင့် သတ်မှတ်ချိန်ထက် စောစီးစွာပြီးစီးအောင် ကြိုးစားတည်ဆောက်ပေးခဲ့ကြသည့်အတွက် နိုင်ငံတော်ကိုယ်စား ဂုဏ်ပြုမှတ်တမ်းတင်ပါကြောင်း ပြောကြားလိုကြောင်း။

နိဂုံးချုပ်အနေဖြင့် ပြောကြားလိုသည်မှာ နိုင်ငံတော်က နယ်စပ်ဒေသများ အပါအဝင် ကျေးလက်ဒေသများပါ ဖွံ့ဖြိုးတိုးတက်လာအောင် စီမံဆောင်ရွက်ပေးလျက်ရှိရာ ဒေသခံပြည်သူများကလည်း တိုင်းရင်းသားစည်းလုံးညီညွတ်ရေးစိတ်ဓာတ်၊ ပြည်ထောင်စုမျိုးချစ်စိတ်ဓာတ် အပြည့်အဝဖြင့် တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်သွားကြပါရန် တိုက်တွန်းပါကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ ထီးချိုင့်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးစောနိုင်က တံတားတည်ဆောက်မှုနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒေသခံပြည်သူများကိုယ်စား ပြည်သူတစ်ဦးက မဲဇာချောင်း(ဒိုးပင်ရွာ)တံတားကို တည်ဆောက်ပေးမှုအတွက် နိုင်ငံတော်အစိုးရအား ကျေးဇူးတင်ရှိပါကြောင်း ပြောကြားသည်။

ထို့နောက် စစ်ကိုင်းတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးခင်မောင်ဆွေက ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် တိုင်းမှူး ဗိုလ်ချုပ်သာအေးတို့အား တံတားဖွင့်ပွဲအထိမ်းအမှတ်အလံကို ပေးအပ်သည်။

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်သာအေးက ဘင်ခရာအဖွဲ့နှင့် ပန်းဖွားအကအဖွဲ့တို့အား ဂုဏ်ပြုလက်ဆောင်များ ပေးအပ်သည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က တံတားတည်ဆောက်ခဲ့သော ထီးချိုင့်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးစောနိုင်အားလည်းကောင်း၊ စည်တော်အဖွဲ့ခေါင်းဆောင်အားလည်းကောင်း ဂုဏ်ပြုလက်ဆောင်ပစ္စည်းများ အသီးသီးပေးအပ်သည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူးနှင့် ဧည့်သည်တော်များသည် ဒုတိယပိုင်း အခမ်းအနား ကျင်းပမည့် မဲဇာချောင်း(ဒိုးပင်ရွာ) တံတားထိပ် မုခ်ဦးရှေ့တွင် နေရာယူကြပြီး တိုင်းမှူး ဗိုလ်ချုပ်သာအေး၊ စည်ပင်သာယာရေးဦးစီးဌာန(ရုံးချုပ်) ညွှန်ကြားရေးမှူး ဦးကျော်စိုးနှင့် စစ်ကိုင်းတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးခင်မောင်ဆွေတို့က မဲဇာချောင်း(ဒိုးပင်ရွာ)တံတားကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က မဲဇာချောင်း(ဒိုးပင်ရွာ) တံတားဖွင့်ပွဲမုခ်ဦးဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် တိုင်းမှူး ဗိုလ်ချုပ်သာအေးတို့သည် တံတားတည်ဆောက်ရေး တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဒေသခံပြည်သူများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ပြီး တံတားဖွင့်ပွဲ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် မဲဇာချောင်း (ဒိုးပင်ရွာ) တံတားပေါ်မှ ဖြတ်သန်းကြည့်ရှုစစ်ဆေးပြီး ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ကြသည်။

ယခုဖွင့်လှစ်လိုက်သော မဲဇာချောင်း(ဒိုးပင်ရွာ)တံတားသည် သံပေါင်ဘောလီ သစ်သားတံတားဖြစ်ပြီး တံတားအရှည်ပေ ၂၆၀၊ အကျယ် ၁၄ ပေဖြစ်ကာ တံတား၏ခံနိုင်ဝန်အားမှာ ၁၃ တန်ဖြစ်သည်။ ယင်းတံတားသည် ခရိုင်ချင်းဆက်လမ်း အမှတ်(၃)တွင် အရေးပါဆုံး တံတားဖြစ်ပြီး ရွှေဘိုခရိုင်နှင့် ကသာခရိုင်တို့ကို လွယ်ကူစွာ ဆက်သွယ်သွားလာနိုင်ပြီဖြစ်ပြီး ဒိုးပင်ကျေးရွာနှင့် မိချောင်းသိုက်ကျေးရွာ မင်းဝံတောင်ခြေရှိ ချွန်းတောင်း၊ ညောင်ပင်သာ၊ ဖက်တဲ၊ မရသိမ်၊ တောမ၊ ဆင်ဖြူဆိပ် စသည့်ကျေးရွာအုပ်စုများရှိ ဒေသခံကျေးလက်ပြည်သူများ ဒေသအနှံ့အပြားသို့ အလွယ်တကူ ဆက်သွယ်သွားလာနိုင်ကြပြီဖြစ်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

မဲဇာချောင်း(ဒိုးပင်ရွာ) တံတားကို တွေ့ရစဉ်။ (သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၃-၃-၂၀၀၇ (အင်္ဂါနေ့)

၇း၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇း၀၅	ဝိပဿနာစာမေးပွဲ တရားတော် (အပိုင်း-၂) "အရှင်ဇဝန" (မေတ္တာရှင်)
၇း၃၅	ကျန်းမာကြံ့ခိုင်သော သွားကလေးများပိုင်ဆိုင်ရေး သွားကျန်းမာရေးအလေးပေး
၇း၄၅	တေးဂီတအစီအစဉ်
၇း၅၀	Sunday Talk
၈း၅၀	အနုပညာရပ်ဝန်းမှ ရင်ခုန်သံများ "လန်ဒန်မြေပဲယို"
၉း၂၅	ပြည်တွင်းသတင်းအကျဉ်း
၉း၃၅	Music Gallery (9 Night)
၁၀း၀၀	နိုင်ငံတကာသတင်းအကျဉ်း
၁၀း၀၅	တေးဂီတအစီအစဉ်
၁၀း၁၀	မိုးလေဝသခန့်မှန်းချက်
၁၀း၁၅	(၁၀၁)နှစ်မြောက် အထိမ်းအမှတ်သဘင် ရန်ကုန်တိရစ္ဆာန်ဥယျာဉ်
၁၀း၃၀	တေးဂီတအစီအစဉ်
၁၀း၃၅	အဘိဓမ္မာပြန့်ပွားရေး အသင်းကြီး၏ အသုံးချ အဘိဓမ္မာ သင်တန်း (အင်္ဂလိပ်ဘာသာ)
၁၁း၁၀	တေးဂီတအစီအစဉ်
၁၁း၁၅	MRTV-4 ကျန်းမာရေးကဏ္ဍ အိပ်ချ်အိုင်ဗွီပိုးနှင့် အေအိုင်ဒီအက်စ်ရောဂါ (အပိုင်း-၁) (ဒေါက်တာစစ်နိုင်)
၁၁း၄၀	ပြည်တွင်းသတင်းအကျဉ်း
၁၁း၅၀	တေးဂီတအစီအစဉ်
၁၁း၅၅	အထူးအမှန်ကောင်းမည့် ရေလှောင်တမံ "ဖြူးချောင်း"
၁၂း၁၅	တေးဂီတအစီအစဉ်
၁၂း၂၀	ယူရီးယားဓာတ်မြေသြဇာ ထုတ်လုပ်မှုကဏ္ဍ
၁၂း၄၀	နိုင်ငံတကာသတင်းအကျဉ်း
၁၂း၄၅	တေးဂီတအစီအစဉ်
၁၂း၅၀	စပျစ်ချိုချို ဝိုင်ချိုချို
၁း၀၀	MRTV-4 အပိတ် Logo

အထက်ပါ ၆ နာရီစာ အစီအစဉ်များကို နံနက် ၇ နာရီမှ မွန်းလွဲ ၁နာရီအထိ တစ်ကြိမ်၊ မွန်းလွဲ ၁ နာရီမှ ည ၇ နာရီ အထိ တစ်ကြိမ်၊ ည ၇ နာရီမှ နံနက် ၁ နာရီအထိ တစ်ကြိမ်၊ နံနက် ၁ နာရီမှ ၇ နာရီအထိ တစ်ကြိမ် လေးကြိမ်ဆက်တိုက် ၂၄ နာရီအချိန်ပြည့် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီ အင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

(၆၂)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆို စစ်ရေးပြအခမ်းအနားအတွက် အလှူငွေပေးအပ်

နေပြည်တော် မတ် ၁၂

၂၀၀၇ ခုနှစ် (၆၂)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် (၆၂)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြ အခမ်းအနားအတွက် အလှူငွေပေးအပ်ပွဲကို ယနေ့မွန်းလွဲ ၁၂နာရီခွဲတွင် နေပြည်တော်ရှိ အမှတ်(၇) တည်းခိုရေးစခန်း အစည်းအဝေးခန်းမ၌ ကျင်းပရာ (၆၂)နှစ်မြောက် တပ်မတော်နေ့ကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌကိုယ်စား (၆၂)နှစ်မြောက် တပ်မတော်နေ့ကျင်းပရေး စစ်ရေးပြလုပ်ငန်းအဖွဲ့ ဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဗိုလ်မှူးချုပ်ဇော်ဝင်း တက်ရောက်အမှာစကား ပြောကြားပြီး အလှူငွေများ လက်ခံသည်။

အလှူငွေ ပေးအပ်ပွဲသို့ (၆၂)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြမှူးကြီး ဗိုလ်မှူးချုပ်မြင့်နောင်နှင့် စစ်ကြောင်းမှူးများ၊ တပ်ရင်းမှူးများ၊ တပ်မတော်အရာရှိကြီးများ၊ အလှူရှင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ကျေးဇူးတင်စကားပြောကြား

အစီအစဉ်အရ (၆၂)နှစ်မြောက် တပ်မတော်နေ့ကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌကိုယ်စား စစ်ရေးပြလုပ်ငန်းအဖွဲ့ ဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဗိုလ်မှူးချုပ်ဇော်ဝင်းက အမှာစကားပြောကြားပြီး အလှူရှင် ကမ္ဘောဇဘဏ်လီမိတက်ကိုယ်စား ဦးမိုးဆန်းအောင်က ငွေကျပ်သိန်း ၁၀၀ကို ပေးအပ်လှူဒါန်းရာ ဗိုလ်မှူးချုပ်ဇော်ဝင်းက လက်ခံ၍ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ကာ ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။ (သတင်းစဉ်)

(၆၂)နှစ်မြောက် တပ်မတော်နေ့ကျင်းပရေး စစ်ရေးပြလုပ်ငန်းအဖွဲ့ ဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဗိုလ်မှူးချုပ်ဇော်ဝင်းထံ ၂၀၀၇ခုနှစ် (၆၂)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားအတွက် အလှူရှင် ကမ္ဘောဇဘဏ်လီမိတက်ကိုယ်စား ဦးမိုးဆန်းအောင် အလှူငွေများ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

❀ ရှေ့ဖုံးမှ

အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီနှင့် ရပ်ကွက်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ များက ငွေကျပ် ၁၇ သိန်း၊ မြအင်န်စိန် ထရိတ်ဒင်းကုမ္ပဏီမှ မန်နေဂျင်းဒါရိုက်တာ ဦးမြမောင်က ငွေကျပ် ၂၂သိန်း၊ဦးသန်းလှိုင်ဦး(စည်သွတ်ဘူး လုပ်ငန်းစက်ရုံ)က ငွေကျပ် ၁၅ သိန်း၊ ဦးခင်အောင်–ဒေါ်ခင်မြင့်သူ (အမှတ်–၁၂ရပ်ကွက်)က ငွေကျပ် ၁၀ သိန်း၊ ဦးပါ–ဒေါ်ကြည်ကြည်ဝင်း (ရဲရင့်ခိုင် ခရီးသည်ပို့ဆောင်ရေး)နှင့် လှိုင်သာယာ စက်မှုဇုန်အပိုင်း(၅) စီမံခန့်ခွဲရေးကော်မတီတို့က ငွေကျပ် ခုနစ်သိန်းစီ၊ ဦးလှရွှေ–ဒေါ်အေးအေးမော် (အမှတ်–၁၂ ရပ်ကွက်)က ငွေကျပ် ငါးသိန်း၊ ဒေါ်ကြည်ပြာဦး (ရဲရင့်ခိုင် ခရီးသည် ပို့ဆောင်ရေး)၊ ဦးဇော်မျိုးကျော် Teak Farm United Wood နှင့် ဦးကျော်စိုးထွန်း (စိန်ခြသေ့စက်ဘီးအပိုပစ္စည်းစက်ရုံ)တို့က ငွေကျပ် သုံးသိန်းစီတို့ကို ပေးအပ်လှူဒါန်းကြရာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ဆက်လက်၍ အလှူရှင်များဖြစ်ကြသော ဦးအာဝါး(ခေါ်)ဦးထွန်းဝင်း (စံပြရွှေကုမ္ပဏီလီမိတက်)က ငွေကျပ် ခုနစ်သိန်း၊ ဦးကြည်တိုး–ဒေါ်ငွေးရီ (မြန်မာရွှေသရဖူ ဆောက်လုပ်ရေး)၊ ဦးမောင်မောင်ဆွေ (ဂရိတ်ဝေါ ဆောက်လုပ်ရေး)၊ ဦးအောင်သန်း–ဒေါ်သန်းတင် (အောင်သန့် ဆောက်လုပ်ရေး)၊ ဦးဝင်းမင်းနိုင် (ဝင်းမြန်မာ မော်တော်ယာဉ်ထုတ်လုပ်ရေး)၊ ဦးမျိုးမြင့်ဦး (မိဘဂုဏ်ရည်မော်တော်ယာဉ်ထုတ်လုပ်ရေး)၊ ဦးညွှန့်ဖုန်း–ဒေါ်ဘေဘီ (ပါကေးဦးထွန်း မိသားစု)၊ ဒေါ်နန်းသန်းနော် (စက်မှုဇုန်–၅)၊ ဦးပြုံးချို (မြန်မာရွှေမော်တော်ယာဉ်ထုတ်လုပ်ရေး)၊ ဦးစိုးဝင်း(စော်ဘွားကြီးနှင့် သားများ၊ အထွေထွေ ရောင်းဝယ်ရေး)တို့က ငွေကျပ် နှစ်သိန်းစီ၊ ဦးလှငွေး–ဒေါ်အေးမြင့် (မိဘဂုဏ်ရည်ဝါး၊ ခနိဆိုင်)၊ ဦးတင်စန်း–ဒေါ်မိုးသီတာ အမှတ် (၁၁)ရပ်ကွက်နှင့် ဦးတက်စံ(ဟောင်သရောနဒီသစ်စက်)တို့က ငွေကျပ် ၁၁၀၀၀၀ စီတို့ကို ပေးအပ်လှူဒါန်းကြရာ တိုင်းမှူး ဗိုလ်ချုပ်လှငွေးဝင်းက လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ထို့နောက် အလှူရှင်များက အလှူငွေများ ပေးအပ်လှူဒါန်းကြရာ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီးတင့်ဆန်းနှင့် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးလှစိုးတို့က လက်ခံကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကြသည်။

ယနေ့ အလှူရှင်များက လှူဒါန်းသည့် အလှူငွေစုစုပေါင်းမှာ ငွေကျပ် ၁၉၄၇၅၀၀၀ ဖြစ်သည်။

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေထံ လှိုင်သာယာမြို့နယ် သာသနာပြုကျောင်း ဘုန်းတော်ကြီးပညာသင် နှစ်ထပ်ကျောင်းဆောင်သစ် ဆောက်လုပ်ရေးအတွက် အလှူရှင်များက အလှူငွေများ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ယင်းနောက် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဓမ္မိကာရာမကျိုက်ပိကျောင်း ဆရာတော်ထံမှ ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေ၊ တိုင်းမှူးနှင့် ပရိသတ်များသည် ရေစက်ချ အနုမောဒနာတရား နာယူကြပြီး လှူဒါန်းမှု အစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနား အပြီးတွင် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် လှိုင်သာယာ စက်မှုဇုန် အပိုင်း(၅) ရွှေရင်အေး (၁)လမ်းရှိ United Wood Industries Co., Ltd. သို့ ရောက်ရှိပြီး စက်ရုံအတွင်းရှိ သစ်လုံးခွဲစိတ်မှုမှ သစ်အချောထည်နှင့် ပရိဘောဂပစ္စည်းများ ထုတ်လုပ်သည်အထိ လုပ်ငန်းအဆင့်ဆင့်တို့ကို လိုက်လံကြည့်ရှုစစ်ဆေးရာ မန်နေဂျင်းဒါရိုက်တာ ဦးဇော်မျိုးကျော်နှင့် ရွှေပြည်သာစက်မှုဇုန်အပိုင်း(၅) စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးမြမောင်တို့က လိုက်လံရှင်းလင်း ပြသကြသည်။

အဆိုပါ စက်ရုံမှ ထွက်ရှိသော သစ်အချောထည်နှင့် သစ်ပရိဘောဂများကို ဘယ်လ်ဂျီယံ၊ ဟော်လန်၊ အင်္ဂလန်၊ ပြင်သစ်၊ အီတလီနှင့် ထိုင်းနိုင်ငံများသို့ တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက ရှင်းလင်းတင်ပြသည်များနှင့် စပ်လျဉ်း၍ လိုအပ်သည်များကို ဖြည့်စွက်မှာကြားကာ ညနေပိုင်းတွင် ပြန်လည်ထွက်ခွာသွားသည်။

(သတင်းစဉ်)

(၆၂)နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်

၁။ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီ နိုင်ငံတော်တည်ဆောက်ရာတွင် ပြည်သူတို့နှင့်အတူ လက်တွဲကြိုးပမ်း အကောင်အထည်ဖော် ဆောင်ရွက်ရေး။

၂။ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရန် စစ်မှန်သော ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ကျရာတာဝန်များကို ကျေပွန်စွာ ထမ်းဆောင်ရေး။

၃။ နိုင်ငံတော်တည်ငြိမ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို ဟန့်တားနှောင့်ယှက်သော ပြည်တွင်းပြည်ပ အဖျက်သမားများ၏ အန္တရာယ်ကို ပြည်သူတို့နှင့်အတူ လက်တွဲချေမှုန်းရေး။

၄။ ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်နိုင်ရန် အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သော ခေတ်မီမျိုးချစ်တပ်မတော် တည်ဆောက်ရေး။

➪ လှိုင်သာယာ–အသုတ်မှ

အမျိုးအစားမှာ 230 KV Twin Bundle Single Circuit Transmission Line ဖြစ်ကြောင်းဖြင့် ဓာတ်အားလိုင်း တည်ဆောက်မှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်က အမှာစကားပြောကြားရာတွင် မြန်မာနိုင်ငံအတွင်း လမ်းပန်းဆက်သွယ်မှု လွယ်ကူချောမွေ့စေရေးအတွက် လမ်းတံတားများအား ကွန်ရက်သဖွယ် တည်ဆောက်ပြီးစီးလျက်ရှိသကဲ့သို့ ပြည်သူများ လျှပ်စစ်ဓာတ်အား အပြည့်အဝ ရရှိရေးနှင့် စက်မှုလက်မှုကဏ္ဍများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မဟာဓာတ်အားလိုင်းများကို စီမံချက်များချ၍ ကွန်ရက်သဖွယ် တည်ဆောက်နိုင်ခြင်းမှာ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှုများကြောင့် ဆောင်ရွက်နိုင်ခဲ့ခြင်းဖြစ်ကြောင်း၊ ယခု တည်ဆောက်ပြီးစီးသော 230 KV မဟာဓာတ်အားလိုင်းမှာ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းသို့ လျှပ်စစ်ဓာတ်အား ပိုမိုဖြန့်ဖြူးပေးနိုင်ရန် အထောက်အကူတစ်ခုဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှငွေးဝင်းက ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့သည် ဆက်စပ်လျက်ရှိသော တိုင်းနှစ်တိုင်းဖြစ်ပြီး 230 KV မဟာဓာတ်အားလိုင်း တည်ဆောက်ပြီးစီးပါက တိုင်းနှစ်တိုင်း၏ ဖွံ့ဖြိုးတိုးတက်မှုကို များစွာအထောက်အကူဖြစ်လာမှာဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်က ယခု 230 KV မဟာဓာတ်အားလိုင်း တည်ဆောက်ပြီးစီးသဖြင့် မိမိတို့တိုင်းအတွင်းရှိ စက်မှုလက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်ရန် အထောက်အကူ တစ်ခုဖြစ်ပါကြောင်း၊ ဧရာဝတီတိုင်းအတွင်းရှိ ပြည်သူများ အနေဖြင့် အတိုင်းမသိ ဝမ်းသာလျက်ရှိကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်က လှိုင်သာယာ–အသုတ်(ရေကြည်) 230 KV မဟာဓာတ်အားလိုင်းနှင့် ဧရာဝတီမြစ်ကျော် မဟာဓာတ်အားလိုင်း တည်ဆောက်မှုတွင် လုပ်ငန်းဆောင်ရွက်ခဲ့သော ဝန်ထမ်းများအတွက် ဂုဏ်ပြုဆုငွေများပေးအပ်ရာ စီမံကိန်း(တောင်ပိုင်း) ညွှန်ကြားရေးမှူး ဦးသိန်းလှိုင်က လက်ခံသည်။

ယင်းနောက် ဧရာဝတီမြစ်ကျော် မဟာဓာတ်အားလိုင်း တည်ဆောက်ပြီးစီးမှု အပြီးသတ် ရွှေမှုလီတပ်ဆင်မှုကို ဆက်လက်ကျင်းပရာ တာဝါတိုင်ကြီး၏ အမှတ်(၁)တိုင်တွင် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှငွေးဝင်း၊ အမှတ်(၂) တိုင်တွင် ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ အနောက်တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်၊ အမှတ်(၃)တိုင်တွင် အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်နှင့် အမှတ်(၄)တိုင်တွင် မြန်မာ့လျှပ်စစ် ဓာတ်အားလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဒေါက်တာစန်းဦးတို့က သတ်မှတ်နေရာ အသီးသီးတို့တွင် နေရာယူကြပြီး မင်္ဂလာအချိန်ကျရောက်သည်နှင့် တာဝါတိုင်များတွင် ရွှေမှုလီများကို တစ်ပြိုင်နက် တပ်ဆင်ပေးပြီး အမွှေးနံ့သာများ ပက်ဖျန်းပေးကြသည်။

ဆက်လက်၍ တိုင်းမှူးများ၊ ဝန်ကြီးနှင့်အဖွဲ့သည် ဧရာဝတီမြစ်ကျော် မဟာဓာတ်အားလိုင်း တည်ဆောက်မှု အခြေအနေများအား လည်းကောင်း၊ Spacer များအား Conductor Bicycle စီးနင်း၍ တပ်ဆင်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးကြပြီး ယာယီရှင်းလင်းဆောင်၌ ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်က လှိုင်သာယာ–အသုတ် (ရေကြည်) 230 KV မဟာဓာတ်အားလိုင်းနှင့် 230 KV ဓာတ်အားခွဲရုံမှ ဧရာဝတီတိုင်းအတွင်း လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးနိုင်ရန် ဓာတ်အားလိုင်းများ ဆက်သွယ်တည်ဆောက်မည့် အခြေအနေများနှင့် တိုးချဲ့တည်ဆောက်မည့် အစီအစဉ်များကို ရုပ်ပုံကားချပ်များဖြင့် ရှင်းလင်းပြောကြားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၁၃–၃–၂၀၀၇ (အင်္ဂါနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ **အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်**
၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
၇:၅၀ ၅။ ကဗျာပန်းဥယျာဉ်
၈:၀၀ ၆။ အကပြိုင်ပွဲ
၈:၁၀ ၇။ နှောင်းခေတ်တေးပဒေသာ
၈:၂၀ ၈။ (၆၂)နှစ်မြောက်တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်
၈:၃၀ ၉။ International News.
၈:၄၅ ၁၀။ Let's Go.
၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၄:၃၀ ၃။ English for Every day Use.
၄:၄၅ ၄။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ – ဒုတိယနှစ် (သတ္တဗေဒအထူးပြု) (သတ္တဗေဒ)
၅:၀၀ ၅။ ပြည်ထောင်စု တိုင်းရင်းသားရိုးရာအက
၅:၁၅ ၆။ **"သတိနဲ့ယှဉ် အသိနဲ့ပြင်" (အပိုင်း–၁) (ဝါးခယ်မရဲမောင်၊ဘုန်းလျှံ၊ မြတ်ကေသီအောင်၊ရတနာခင်၊ ဟန်နီထွန်း၊ပြည့်ဖူးခိုင်၊ နီနီရွှေရည်၊ဆောင်းနှင်းဝေ၊ ဝိုင်းဆုခိုင်သိန်း၊ အိုင်းရစ်လေပြေဦး) (ဒါရိုက်တာ–မင်းအုပ်စိုး)**
၅:၂၅ ၇။ တပ်မတော်နေ့ဂုဏ်ပြုတေးသီချင်းပြိုင်ပွဲ ဆုရတေးများ (၂၀၀၅ခုနှစ်)
၅:၃၅ ၈။ ဆိုကြမယ်၊ ပျော်ကြမယ်
၆:၀၀ ၉။ ညနေခင်းသတင်း
၆:၃၀ ၁၀။ မိုးလေဝသအခြေအနေ
၆:၃၅ ၁၁။ ကြယ်ပွင့်များရဲ့ရင်ခုန်သံ
၆:၅၀ ၁၂။ နိုင်ငံ့စီးပွားအလေးထား ကျေးလက်ထုတ်ကုန်များ (ငါးသိုင်းချောင်းမှ ဝါးထည်အလှ)
၇:၀၀ ၁၃။ (၆၂)နှစ်မြောက်တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်
၇:၁၀ ၁၄။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်သစ္စာ ဘဝပင်ခြားသော်လည်း" (အပိုင်း–၃)**
၈:၀၀ ၁၅။ ပြည်တွင်းသတင်း
၁၆။ နိုင်ငံတကာသတင်းများ
၁၇။ မိုးလေဝသအခြေအနေ
၁၈။ **နိုင်ငံခြားဇာတ်လမ်းတွဲ "တကယ်သဘောကျတယ်" (အပိုင်း–၃၁)**
၁၉။ နောက်တစ်နေ့အစီအစဉ်
၂၀။ အစီအစဉ်ပြီး၏။

ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့် ရတနာပြပွဲ ကြည့်ရှုအားပေး ကျောက်မျက် အတွဲပေါင်း ၄၇ တွဲ ရောင်းချရ

ရန်ကုန် မတ် ၁၂

မြန်မာ့ ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီ နာယက၊ သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် အုန်းမြင့်သည် ယနေ့မွန်းလွဲပိုင်းတွင် ကမ္ဘာ့အေးစေတီလမ်းရှိ ကျောက်မျက်ရတနာ ဈေးပြိုင်ခန်းမ၌ ကျောက်မျက်အတွဲများ ဈေးပြိုင်စနစ်ဖြင့် ရောင်းချနေမှုကို ကြည့်ရှု အားပေးပြီး ကျောက်မျက် ဈေးပြိုင်ခန်းမအတွင်း ဈေးပြိုင်ပေး၍ ဝယ်ယူနေကြသော ပြည်တွင်း၊ ပြည်ပ ရတနာကုန်သည်များအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကာ ညနေပိုင်းတွင် ကျောက်မျက်ရတနာဈေးပြိုင်ခန်းမမှ ပြန်လည် ထွက်ခွာသွားသည်။

အလားတူ မြန်မာ့ကျောက်မျက် ရတနာပြပွဲ ဗဟိုကော်မတီနာယက၊ မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်းသည် ယနေ့နံနက်ပိုင်းတွင် မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းရှိ မြန်မာကွန်ဗင်းရှင်း စင်တာခန်းမ၌ ပြည်တွင်း၊ ပြည်ပ ရတနာကုန်သည်များ တင်ဒါအဆိုပြုလွှာများ ဖြည့်သွင်းနေမှု၊တင်ဒါပုံးများအတွင်း ထည့်သွင်းနေမှုနှင့် ကျောက်စိမ်းအတွဲများကို ကြည့်ရှုစစ်ဆေးနေကြသည့် ရတနာကုန်သည်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

(၄၄) ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ အစီအစဉ်အရ ယနေ့နံနက် ၉ နာရီမှ ညနေ ၃နာရီ ၄၅မိနစ်အထိ ကမ္ဘာအေးစေတီလမ်းရှိ ကျောက်မျက်ရတနာ ဈေးပြိုင်ခန်းမ၌ ကျောက်မျက်အတွဲများကို တင်ဒါစနစ်၊ ဈေးပြိုင်စနစ်တို့ဖြင့် ရောင်းချရာ ကျောက်မျက်အတွဲပေါင်း ၄၇တွဲကို ပြည်တွင်း၊ ပြည်ပ ရတနာကုန်သည်များက ဝယ်ယူသွားကြသည်။

ကျောက်စိမ်းအတွဲများကို မတ် ၁၃ ရက်မှ ၂၀ ရက်အထိ မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းရှိ မြန်မာကွန်ဗင်းရှင်းစင်တာခန်းမ၌ တင်ဒါစနစ်၊ ဈေးပြိုင်စနစ်တို့ဖြင့် ဆက်လက်ရောင်းချသွားမည် ဖြစ်သည်။

အဆိုပါ (၄၄)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာ ပြပွဲသို့ ပြည်တွင်း နိုင်ငံသားရတနာကုန်သည် ၁၃၀၅ ဦးနှင့် ပြည်ပရတနာကုန်သည် ၂၀၀၃ ဦး စုစုပေါင်း ရတနာကုန်သည် ၃၃၀၈ဦး လာရောက်၍ ဝယ်ယူလျက်ရှိကြသည်။

(သတင်းစဉ်)

မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီနာယက၊ သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် အုန်းမြင့် ကမ္ဘာအေးစေတီလမ်းရှိ ကျောက်မျက်ရတနာ ဈေးပြိုင်ခန်းမ၌ ပြည်တွင်း၊ ပြည်ပ ရတနာကုန်သည်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)

❍ နိုင်ငံတော်သစ်မှ

သင်တန်းဖွင့်ပွဲ အခမ်းအနားသို့ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်များ၊ အထူးဖိတ်ကြားထားသောပုဂ္ဂိုလ်များ၊ သင်တန်း တာဝန်ခံ ဒုတိယဗိုလ်မှူးကြီးခင်ဝင်းနှင့်သင်တန်းကြီးကြပ်သူအရာရှိများ၊ သင်တန်း သား သင်တန်းသူများ တက်ရောက်ကြသည်။

သင်တန်းဖွင့်ပွဲအခမ်းအနားတွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဦးဌေးဦးက အမှာစကားပြောကြားရာ၌ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကြီးကို နိုင်ငံတော်တည်ငြိမ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များတွင် ပြည်သူများနှင့်အတူ ဝိုင်းဝန်းပါဝင်ဆောင်ရွက်နိုင်စေရန် ယုံကြည်ချက်၊ ခံယူချက်မှန်ကန်ခိုင်မာပြီး စစ်မှန်သည့်မျိုးချစ်စိတ်ဓာတ်ရှိသည့် လူငယ်၊လူရွယ်များကို အခြေခံပြီး ဖွဲ့စည်းခဲ့ခြင်းဖြစ်ကြောင်း၊ ပြည်သူများဖြစ်ကြ သည့်အသင်းဝင်များသည် အသင်းကြီး၏စည်းလုံးညီညွတ်သည့်အားဖြင့် နိုင်ငံ၏၊ ဒေသအသီးသီး၏အကျိုးပြုလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ရင်း လူထုတစ်ရပ်လုံး တက်ကြွစွာပါဝင်ဆောင်ရွက်လာစေရန် စည်းရုံးရေးစွမ်းအားဖြင့် အထောက်အကူပြု နေကြရမည်ဖြစ်ကြောင်း။

(၁၃)နှစ်တာသက်တမ်းရှိပြီဖြစ်သည့် အသင်းကြီးကို စတင်ဖွဲ့စည်းခဲ့သော ကာလကို ပြန်ပြောင်းကြည့်မည်ဆိုလျှင် ဒီမိုကရေစီရေးနှင့် လူ့အခွင့်အရေးကို ကြွေးကြော်ပြီး အာဏာကိုဖြတ်လမ်းကရယူလိုသည့် လူပုဂ္ဂိုလ်များနှင့် ပါတီ အဖွဲ့အစည်းအချို့၏ဖန်တီးမှုများကြောင့် ပေါ်ပေါက်လာခဲ့ရသည့် စည်းမဲ့၊ကမ်းမဲ့၊ ဥပဒေမဲ့၊မင်းမဲ့စရိုက်များကြောင့် ပျက်ပြားခဲ့ရသည့် တည်ငြိမ်အေးချမ်းမှု၊ စိတ်ပိုင်းနှင့် ရုပ်ပိုင်းဆိုင်ရာ ပျက်စီးဆုံးရှုံးမှုများကို ပြန်လည်ထူထောင်တည်ဆောက်နေချိန် ဖြစ်သည်ဆိုသည်ကို တွေ့ကြရမည်ဖြစ်ကြောင်း။

ပြည်သူတွေလိုလားသည့် နိုင်ငံတော်သစ်တည်ဆောက်ရေးလုပ်ငန်းစဉ်ကြီး၌ ပြည်သူတစ်ရပ်လုံး တက်တက်ကြွကြွပါဝင်ဆောင်ရွက်လာအောင် ရှင်းလင်းစည်းရုံး ရေးသည် နိုင်ငံတော်၏ ပကတိဖြစ်ပေါ်မှု အခြေအနေအရ အမှန်တကယ်လိုအပ် ချက်ဖြစ်လာခဲ့ကြောင်း၊ နိုင်ငံတော်သစ်ထူထောင်ရေးအတွက် သမိုင်းကပေးလာ သည့်လိုအပ်ချက်ကို ဖြည့်ဆည်းဆောင်ရွက်နိုင်ရန် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုး ရေးအသင်းကြီးကိုထူထောင်ခဲ့ခြင်းဖြစ်ကြောင်း၊ အသင်းဝင်များအနေဖြင့် အသင်း ကြီး၏မွန်မြတ်သည့်ရည်ရွယ်ချက်များ၊ချမှတ်ထားသည့်အခြေခံမူများ၊ သဘောထား အမြင်များ၊ နိုင်ငံတော်၏ အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ် ဆက်စပ်နေသည့် သမိုင်းကြောင်းအခြေအနေများ၊ နိုင်ငံတကာအခြေအနေများကို မှန်ကန်စွာဆက်စပ် သုံးသပ်ပြီး အသင်းကြီး၏သမိုင်းရေးလိုအပ်ချက်အရ ပါဝင်ဆောင်ရွက်နေမှုများ အပေါ် ပိုမိုသိမြင်နားလည်ခံယူကြရမည်ဖြစ်ကြောင်း။

အသင်းဝင်များ၏စုစည်းညီညွတ်သည့်အားကို ပြည်သူများအကျိုးအတွက် ထိရောက်စွာ ပါဝင်ဆောင်ရွက်နိုင်စေရန် အသင်းကြီးကို စတင်ဖွဲ့စည်းခဲ့သည့် အချိန်ကစပြီး စနစ်တကျဖွဲ့စည်းမှုနှင့် စီမံမှုများပြုလုပ်ထားပြီးဖြစ်ကြောင်း၊ အသင်းကြီးအနေဖြင့် နိုင်ငံတော်သစ်တည်ဆောက်ရေး လုပ်ငန်းစဉ်ကြီးတွင် အမျိုးသားရေးအင်အားစုအဖြစ်ထာဝရရပ်တည်ပြီး ပါဝင်ဆောင်ရွက်နိုင်ရေးအတွက် နှစ်စဉ် ရှေ့လုပ်ငန်းစဉ်များချမှတ်ပြီး တက်ကြွစွာအကောင်အထည်ဖော် ဆောင်ရွက် နေကြသည်ကိုလည်း ဝမ်းမြောက်ဂုဏ်ယူဖွယ် တွေ့မြင်နေကြရပြီဖြစ်ကြောင်း။

အသင်းကြီး၏ပြည်သူ့အကျိုးအတွက် ရေးရှုချမှတ်ထားသည့်မူနှင့် လုပ်ငန်း စဉ်များအပေါ် ခိုင်မာစွာအခြေပြုပြီး နိုင်ငံတော်၏ဒေသအသီးသီး၊ နယ်ပယ်အသီးသီး ၌ အကျိုးရှိသည့်လုပ်ငန်းများကို လက်တွေ့အကောင်အထည်ဖော်နိုင်ကြသည့် အတွက် နယ်မြေလူထု၏ ယုံကြည်မှု၊ပူးပေါင်းဆောင်ရွက်မှုများကိုလည်း တိုးတက် ရရှိနေပြီဖြစ်ကြောင်း၊ ယခုဆိုလျှင် ၂၄သန်းရှိနေပြီဖြစ်သည့် အသင်းဝင်များသည် ယုံကြည်ချက်၊ ခံယူချက်၊ ဦးတည်ချက်တူညီသည့် အခြားသောလူမှုရေးအသင်း အဖွဲ့များနှင့်လက်တွဲပြီး တိုင်းကျိုးပြည်ပြုလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက် နေကြပြီဖြစ်ကြောင်း။

တိုးတက်များပြားလာသည့် အသင်းဝင်များအနေဖြင့် မိမိတို့၏နယ်မြေ၌ရှိ သည့် ပြည်သူများ၏အကျိုးအတွက် ပိုမိုသယ်ပိုးဆောင်ရွက်နိုင်ရန်ထိုက်သင့်သည့် အရည်အချင်းများရှိကြရမည်ဖြစ်ကြောင်း၊ ထို့ကြောင့်လည်း အသင်းဝင်များကို အရည်အချင်းပြည့်ဝသည့် အရေအတွက်များဖြစ်လာစေရန် လေ့ကျင့်မှုများကို ပြုလုပ်ပေးနေခြင်းဖြစ်ကြောင်း။

အသင်းဝင်တစ်ဦးချင်း၏ အရည်အချင်းများမြင့်မားလာသည်နှင့်အမျှ အသင်း ဝင်များဖြင့် စုပေါင်းဖွဲ့စည်းထားသည့် အသင်းအဆင့်ဆင့်၏ စွမ်းဆောင်မှုများ သည်လည်း ပိုမိုမြင့်မားလာမည်ဖြစ်ကြောင်း၊ အသင်းကြီးကဖွင့်လှစ်သည့်သင်တန်း တိုင်းသည် အသင်းဝင်တစ်ဦးချင်း၏ အရည်အချင်းများ မြင့်မားတိုးတက်စေရေး သာမက အသင်းဝင်တစ်ဦးချင်းအနေဖြင့်ရော၊ အသင်းအဆင့်ဆင့်အနေဖြင့်ပါ နယ်မြေတွင်ရှိသော ပြည်သူများ၏အကျိုးကို ပိုမိုသယ်ပိုးနိုင်စေရန် လေ့ကျင့်ပေး ခြင်းဖြစ်သည်ဆိုခြင်းကို ခံယူကြရမည်ဖြစ်ကြောင်း။

ယခုသင်တန်းတွင် ယုံကြည်ချက်၊ ခံယူချက်မြင့်မားရေး၊ နိုင်ငံ့သားကောင်း အရည်အချင်းပြည့်ဝရေး၊ အမျိုးသားနိုင်ငံရေး၊ ခေါင်းဆောင်မှုသဘောနှင့် နာခံခြင်း အလေ့အကျင့်ကောင်း၊ မှန်ကန်သောဦးဆောင်မှုကို ခံယူကျင့်သုံးခြင်းဖြင့် စုစည်း ညီညွတ်သောအင်အားအဖြစ် တည်ဆောက်ရေး၊ နိုင်ငံတော်လုံခြုံရေးနှင့် ကာကွယ် ရေး၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး ဘာသာရပ်များအပြင် လက်ရှိဖြစ်ပေါ်နေသော ပြဿနာများအပေါ် မှန်ကန်စွာသုံးသပ်အဖြေရှာရေးအတွက် ဆွေးနွေးပို့ချသွား မည်ဖြစ်ကြောင်း။

သင်တန်းတက်ရောက်လာကြသူများသည် နယ်မြေဒေသအသီးသီး၌ ရှိနေ ကြသည့် အသင်းအဆင့်ဆင့်တွင် ဦးဆောင်ဦးရွက်ပြုနေကြသူများ ဖြစ်ကြကြောင်း၊ လက်တွေ့နယ်ပယ်တွင် အတွေ့အကြုံရှိကြသူများဖြစ်ကြောင်း၊ သင်တန်းက ဆွေးနွေးပို့ချမှုများအပေါ် လက်တွေ့အတွေ့အကြုံများဖြင့်ဆက်စပ်၊ နယ်မြေအကျိုး အတွက် ပိုမိုထိရောက်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် လေ့လာသွား ကြရန်မှာကြားလိုကြောင်း။

မျက်မှောက်ကာလသည် ပြည်သူများလိုလားတောင့်တနေကြသည့် စည်းကမ်း ပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်သစ်ကြီး ပေါ်ထွန်းလာစေရန် နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့်ပြည်သူများ ပူးပေါင်းလက်တွဲအကောင်အထည်ဖော် ဆောင်ရွက်နေ သည့်ကာလဖြစ်ကြောင်း၊ ခေတ်သစ်၊ စနစ်သစ်ကို အစီအစဉ်ရှိရှိဖြင့် တစ်ဆင့်ပြီး တစ်ဆင့် တည်ဆောက်နေသည့်ကာလဖြစ်ကြောင်း၊ ခေတ်ဟောင်း၊ စနစ်ဟောင်း ကနေ ခေတ်သစ်၊ စနစ်သစ်ကို ညင်သာစွာကူးပြောင်းနိုင်စေရန် ကြိုးပမ်း အကောင်အထည်ဖော်နေသည့် ကာလဖြစ်ကြောင်း။

နိုင်ငံတော်သစ်ထူထောင်ရာ၌ ရေရှည်တည်တံ့ခိုင်မြဲရန်နှင့် အစဉ်ဖွံ့ဖြိုးတိုး တက်စေရန်လိုကြောင်း၊ အခြေခံခိုင်မာမှုမရှိလျှင်မည်သို့သော အဆောက်အအုံမျိုး မဆို ရေရှည်တည်တံ့ခိုင်မာရန် မဖြစ်နိုင်ကြောင်း အားလုံးအသိဖြစ်ကြောင်း၊ ထို့ကြောင့် အခြေခံအုတ်မြစ်များဖြစ်သည့် နိုင်ငံတော်တည်ငြိမ်ရေး၊ နိုင်ငံတော် နှင့်တိုင်းရင်းသားများ၏စီးပွားရေး ခိုင်မာတောင့်တင်းရေး၊ လူ့စွမ်းအား အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ မှန်ကန်သည့် မူဝါဒ၊ လမ်းစဉ်အပေါ်အခြေခံပြီး စေတနာပါသည့် လက်တွေ့ဆောင်ရွက်မှုများကို နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့်ပြည်သူများ ပူးပေါင်းဆောင်ရွက်ခဲ့ကြသည့် အတွက် နိုင်ငံတစ်ဝန်းလုံး ယခင်နှင့်မတူသည့် တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုး တိုးတက်မှုများ ရရှိနေပြီဖြစ်ကြောင်း။

နိုင်ငံတစ်ဝန်းလုံး ကွက်လပ်မကျန်ဖွံ့ဖြိုးတိုးတက်စေရန် ကိုယ်ပိုင်စွမ်းအားဖြင့် ချမှတ် ဆောင်ရွက်နေသည့် အထူးဒေသကြီး၂၄ခုစီမံကိန်း၊ နယ်စပ်ဒေသဖွံ့ဖြိုး တိုးတက်ရေးစီမံကိန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းများတွင် အသင်းဝင်များအနေဖြင့် ပိုမိုအရှိန်အဟုန်မြှင့်တင်ပြီး ပါဝင်ဆောင်ရွက်သွား ကြရမည်ဖြစ်ကြောင်း။

မြန်မာနိုင်ငံသည် ရှေးနှစ်ပေါင်းထောင်ချီသည့်ကာလကစပြီး တိုင်းရင်းသား များစည်းလုံးညီညွတ်စွာဖြင့် ဥမကွဲသိုက်မပျက်နေထိုင်ခဲ့ကြသည့် သမိုင်းအစဉ်အလာ ကြီးမားသော နိုင်ငံကြီးဖြစ်ကြောင်း၊ နိုင်ငံတော်အတွင်း တိုင်းရင်းသားလူမျိုးစုံညီစွာ ချစ်ချစ်ခင်ခင်၊ စည်းစည်းလုံးလုံး၊ အေးအတူ ပူအမျှ အတူတကွ ပူးပေါင်းနေထိုင် ကြသည့်ခိုင်မြဲသောအစဉ်အလာကောင်းများရှိပြီးဖြစ်ကြောင်း၊ နိုင်ငံတော်၏ သမိုင်း ကြောင်း၌ ပြည်ထောင်စုဖွားတိုင်းရင်းသားညီအစ်ကိုများ အပြန်အလှန် နားလည်မှု၊ စာနာမှုတို့ဖြင့် ချစ်ကြည်စွာနေထိုင်ခဲ့ကြသည့် ပြည်ထောင်စုစိတ်ဓာတ်အရင်းခံ ရှင်သန်မှုများရှိကြပြီးဖြစ်ကြောင်း၊ နိုင်ငံနှင့်လူမျိုး ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ရာတွင် စစ်မှန်သည့် မျိုးချစ်စိတ်ဓာတ်ကို အခြေခံပြီးဆောင်ရွက်မှသာ ထိရောက်အောင်မြင်မည်ဖြစ်ကြောင်း၊ တိုင်းရင်းသား ပြည်သူများအကြား စစ်မှန် သည့် မျိုးချစ်စိတ်ဓာတ် ပိုမိုရှင်သန်ခိုင်မာရေးအတွက် ဆောင်ရွက်သွားကြရမည် ဖြစ်ကြောင်း။

နိုင်ငံတော်၏ ပကတိဖြစ်ပေါ်တိုးတက်ပြောင်းလဲမှုများ၊ စဉ်ဆက်မပြတ် ကြိုးပမ်းအကောင်အထည်ဖော်မှုများနှင့် အလားအလာကောင်းများကို ဒေသ အသီးသီးက အသင်းဝင်များကိုယ်တိုင် ပြည်သူများနှင့်အတူ ခံစား၊ သိမြင်နေကြရပြီ ဖြစ်ကြောင်း၊ နိုင်ငံတော်သစ်တည်ဆောက်ရေးအတွက် မူဝါဒလမ်းစဉ်(၇)ရပ်ကို လည်း ချမှတ်အကောင်အထည်ဖော်နေပြီဖြစ်ကြောင်း၊ အသင်းကြီးအနေဖြင့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးအတွက် ပြည်သူတစ်ရပ်လုံးနှင့် လက်တွဲပြီး ကြိုးပမ်းဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်း။

နိုင်ငံတော်၏ ဖြစ်ပေါ်တိုးတက်ပြောင်းလဲမှုအခြေအနေများသည် ပြည်သူများ ကိုယ်တိုင် သိမြင်၊ ထိတွေ့၊ ခံစားနေကြရသည့် ပကတိအခြေအနေမှန်များ ဖြစ်ကြောင်း၊ ကိုယ်ပိုင်စွမ်းအားဖြင့် မနားမနေကြိုးပမ်းရာက ရရှိလာသည့် ရလဒ်များဖြစ်ကြောင်း၊ နိုင်ငံတော်၏စစ်မှန်သောစေတနာဖြင့် ကြိုးပမ်းအကောင် အထည်ဖော်မှုများကို နားလည်သဘောပေါက်ပြီး နိုင်ငံတော်နှင့် နိုင်ငံသားများ၏ အကျိုးအတွက် ပူးပေါင်းဆောင်ရွက်လာကြသူများလည်း စဉ်ဆက်မပြတ်ရှိနေပြီ ဖြစ်ကြောင်း။

သို့ရာတွင် ပြည်တွင်း/ပြည်ပက အဖွဲ့အစည်းအချို့၏ ပကတိအခြေအနေကို မျက်ကွယ်ပြုပြီး ပြောဆိုလုပ်ဆောင်မှုများ၊ တိုးတက်မှုဖြစ်စဉ်များကို ပိုမိုတိုးတက် အောင် ဝိုင်းဝန်းပါဝင်ဆောင်ရွက်ကြရမည့်အစား ပြစ်တင်ဝေဖန်ပြောဆိုနေမှုများ၊ ဖြစ်စဉ်များအပေါ် စေတနာဆိုးဖြင့် ချဲ့ကားပြောဆိုမှုများ၊ လိုရာဆွဲပြီး ပြောဆိုမှုများ၊ နိုင်ငံတော်၏ ကြိုးပမ်းအကောင်အထည်ဖော်မှုများကို လူမှုရေးကိုအကြောင်းပြုပြီး ဆန့်ကျင်လာအောင်၊ စီးပွားရေးကိုအကြောင်းပြုပြီး ဆန့်ကျင်လာအောင် ဆောင်ရွက် နေသည်ကိုလည်း သတိထားကြရမည်ဖြစ်ကြောင်း၊ နိုင်ငံကြီးအချို့ကလည်း ပိတ်ဆို့မှုများ၊ ဟန့်တားမှုများ၊ အရေးယူမှုများဖြင့် အလိုကျဖြစ်အောင် ကြိုးပမ်း နေရုံသာမက နည်းပေးလမ်းပြမှုများ၊ အထောက်အပံ့ပေးကမ်းမှုများ၊ သူကောင်း ပြုမှုများဖြင့် ပြည်တွင်းကအလိုကျဆောင်ရွက်လိုသူများ ပေါ်ထွက်လာစေရန် ကြိုးပမ်းနေခြင်းကိုလည်း သတိပြုကြရမည်ဖြစ်ကြောင်း၊ စည်းလုံးမှုနှင့် တည်ငြိမ်မှု ပျက်ပြားအောင် လုပ်ဆောင်နေမှုများသည် နိုင်ငံတော်နှင့် နိုင်ငံသားများအတွက် အကျိုးမဲ့သည့် လုပ်ရပ်များသာဖြစ်သည်ဆိုခြင်းကို သိမြင်နေကြပြီဖြစ်ကြောင်း။

ဒီမိုကရေစီရေး၊ လူ့အခွင့်အရေးကို ဗန်းပြပြီး သွေးထိုးလှုံ့ဆော်မှုများကြောင့် ၁၉၈၈ ခုနှစ်က နိုင်ငံသားအားလုံး ရင်ဆိုင်ခံစားခဲ့ကြရသည့် ခေါင်းဖြတ်၊ လုယူဖျက်ဆီးမှု အနိဋ္ဌာရုံအဖြစ်ဆိုးများကို သင်ခန်းစာမယူဘဲ ထပ်မံဖြစ်ပွားအောင် ကြိုးပမ်းနေကြသည်ကိုလည်း သတိပြုကြရမည်ဖြစ်ကြောင်း၊ ၁၉၈၈ ခုနှစ်နှင့် လက်ရှိကာလသည် မယှဉ်သာအောင် ပြောင်းလဲတိုးတက်နေပြီဖြစ်ကြောင်း၊ ပြောင်းလဲကျင့်သုံးလာသည့် ဈေးကွက်စီးပွားရေးစနစ်အရ နိုင်ငံတော်၏ စီးပွားရေး ကဏ္ဍတွင် နိုင်ငံသားများက အချိုးအစားကြီးမားစွာ ပြောင်းလဲပိုင်ဆိုင်ခဲ့ပြီဖြစ် ကြောင်း၊ ၁၉၈၈ ခုနှစ်က နိုင်ငံတော်ပိုင် စက်ရုံ၊ အလုပ်ရုံ ဈေးဆိုင်များနေရာ၌ ပုဂ္ဂလိကပိုင် စက်ရုံ၊ အလုပ်ရုံ၊ ဈေးဆိုင်ကြီးများ ပြောင်းလဲဖြစ်ပေါ်လာခဲ့ပြီ ဖြစ်ကြောင်း။

တည်ငြိမ်အေးချမ်းမှုပျက်ပြားလျှင် နိုင်ငံသားများကိုယ်တိုင် ကြိုးပမ်း ဆောင်ရွက်နေသည့် စက်ရုံ၊ အလုပ်ရုံများ၊ ဈေးဆိုင်ကြီးများနှင့် ရောင်းဝယ် ဖောက်ကားမှုလုပ်ငန်းများ ထိခိုက်နစ်နာဆုံးရှုံးမှုဖြစ်ပေါ်လာမည် ဖြစ်ကြောင်း၊ ယင်းလုပ်ငန်းများဖြင့် ဆက်စပ်နေသည့် နိုင်ငံသားများ၏ လူမှုစီးပွားရေးဘဝလည်း ထိခိုက်လာမည်ဖြစ်ကြောင်း၊ ထို့ကြောင့် စေတနာမမှန်သော လုပ်ရပ်များကို ပြည်သူများ အမှန်အတိုင်းသိအောင် ရှင်းလင်းအသိပေးသွားကြရမည်ဖြစ်ကြောင်း၊ ရရှိနေသည့် တည်ငြိမ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကိုလည်း တည်တံ့ ခိုင်မာအောင်ကာကွယ်ထိန်းသိမ်းပြီး ပိုမိုတိုးတက်မှုရရှိစေရန် ဆက်လက်ကြိုးပမ်း သွားကြရမည်ဖြစ်ကြောင်း။

နိဂုံးချုပ်အနေဖြင့် မှာကြားလိုသည်မှာ–

- **သင်တန်းကရရှိလာမည့် အသိပညာ၊ အတတ်ပညာများကို ဘဝအတွေ့အကြုံဖြင့် ပေါင်းစပ်ပြီး၊ လက်တွေ့နယ်ပယ်တွင် ပြည်သူများ၏အကျိုး ပိုမိုသယ်ပိုးနိုင်အောင် ကြိုးပမ်းဆောင်ရွက်သွားကြပါ။**
- **တိုင်းရင်းသားပြည်သူများအကြား ရှိပြီးဖြစ်သည့် စစ်မှန်သောမျိုးချစ်စိတ်ဓာတ် အစဉ်ရှင်သန်စေရေးအတွက် ကြိုးပမ်းဆောင်ရွက်သွားကြပါ။**
- **အသင်းကြီးက ပြည်သူများအကျိုးအတွက် ဦးတည်ချမှတ်ထားသည့် ရှေ့လုပ်ငန်းစဉ်များအတိုင်း နိုင်ငံတော်သစ်တည်ဆောက်ရေး လုပ်ငန်းစဉ်များတွင် ဝိုင်းဝန်းပါဝင်ဆောင်ရွက်သွားကြပါ။**
- **နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးအတွက် မိမိတို့ကိုယ်တိုင်သာမက ပြည်သူတစ်ရပ်လုံး ဝိုင်းဝန်းပါဝင်ဆောင်ရွက် လာအောင် ကြိုးပမ်းဆောင်ရွက်သွားကြပါ**

ဟု တိုက်တွန်းပြောကြားပြီး သင်တန်းဖွင့်ပွဲ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် အထွေထွေအတွင်းရေးမှူး ဦးဌေးဦးသည် သင်တန်း သား၊ သင်တန်းသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

အဆိုပါပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအမှုဆောင်များ အဆင့် မြင့် စီမံခန့်ခွဲရေး (အထူး)သင်တန်းအမှတ်စဉ်(၅)သို့ သင်တန်းသား၊ သင်တန်းသူ ၂၀၁ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တလေးပတ်ကြာမြင့်မည် ဖြစ်သည်။ (သတင်းစဉ်)

မြန်မာအမျိုးသမီး စီးပွားရေးစွမ်းဆောင်ရှင်များ၏ ထုတ်ကုန်အရောင်းပြပွဲကျင်းပရေး စာနယ်ဇင်းရှင်းလင်းပွဲ ကျင်းပ

ရန်ကုန် မတ် ၁၂

အသင်းဝင်အချင်းချင်း ကူညီ ပေါင်းစည်းလုပ်ဆောင်နိုင်ရန်၊ အသင်း ဝင်အချင်းချင်း ချစ်ခင်ရင်းနှီးမှုရရှိစေရန်၊ အသင်းဝင်များ၏ လုပ်ဆောင်နိုင်သော လုပ်ငန်းအောင်မြင်မှု စွမ်းဆောင်မှုများ ပေါ်လွင်စေရန်နှင့်အသင်းဝင်အချင်းချင်း လုပ်ငန်းဆက်စပ်မှု၊ နည်းပညာများ နှီးနှောဖလှယ်နိုင်စေရန် ရည်ရွယ်ချက် ဖြင့်ကျင်းပမည့် မြန်မာအမျိုးသမီး စီးပွားရေး စွမ်းဆောင်ရှင်များအသင်း (MWEA) (၁၂)နှစ်မြောက် အထိမ်း အမှတ် မြန်မာအမျိုးသမီး စီးပွားရေး စွမ်းဆောင်ရှင်များ၏ထုတ်ကုန်အရောင်း ပြပွဲ ကျင်းပရေးအတွက် စာနယ်ဇင်း ရှင်းလင်းပွဲကို ယနေ့ညနေ ၃ နာရီတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ်ရှိ အဆိုပါ အသင်းရုံး၌ကျင်းပရာ အသင်းဥက္ကဋ္ဌ ဒေါ်ခင်မြင့်မြင့်၊ ဒုတိယဥက္ကဋ္ဌ ဒေါ်နုနုရီ နှင့် အလုပ်အမှုဆောင်များနှင့် စာနယ် ဇင်းများမှ ဖိတ်ကြားထားသူများ တက် ရောက်ကြသည်။

ပြန်လည်ဖြေကြား

ရှေးဦးစွာ အသင်းဥက္ကဋ္ဌ ဒေါ်ခင်မြင့် မြင့်က အမှာစကားပြောကြားပြီး ဒုတိယ ဥက္ကဋ္ဌ ဒေါ်နုနုရီက ဈေးရောင်းပွဲတော် ကျင်းပရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်း ပြောကြားကာ တက်ရောက်လာကြသူ များ၏ မေးမြန်းချက်များကို အသင်း ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် အမှုဆောင်များ က ပြန်လည်ဖြေကြားကြသည်။

အဆိုပါ ဈေးရောင်းပွဲတော်ကို ဧပြီ ၆ ရက်မှ ၈ ရက်အထိ ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ နံနက် ၉ နာရီမှ ည ၆ နာရီအထိ ပြည်တွင်းဖြစ် မြန်မာ့ချည်ထည်ပိုးထည် များ၊မြန်မာ့လက်မှုပစ္စည်းများ၊ တိုင်းရင်း သားဒေသထွက်ပစ္စည်းများ၊ ရိုးရာအစား အသောက်များ၊ မြန်မာ့ရိုးရာ သနပ်ခါး နှင့် ပြည်တွင်းဖြစ်အလှကုန်ပစ္စည်းများ၊ မြန်မာ့တိုင်းရင်းဆေးများ၊ ပြည်တွင်းဖြစ် မြန်မာ့ပုလဲများနှင့် ပြည်တွင်းစက်ရုံ များမှ ထုတ်လုပ်သောပစ္စည်းများကို ရောင်းချသွားမည်ဖြစ်သည်။

(သတင်းစဉ်)

ရှင်းလင်းပြောကြား

မြန်မာအမျိုးသမီး စီးပွားရေး စွမ်းဆောင်ရှင်များအသင်း (၁၂)နှစ် မြောက်အထိမ်းအမှတ် မြန်မာအမျိုး သမီး စီးပွားရေးစွမ်းဆောင်ရှင်များ၏ ထုတ်ကုန်အရောင်းပြပွဲ ကျင်းပရေး စာနယ်ဇင်းရှင်းလင်းပွဲတွင် အသင်း ဥက္ကဋ္ဌ ဒေါ်ခင်မြင့်မြင့် ရှင်းလင်း ပြောကြားစဉ်။ (သတင်းစဉ်)

သွေးဆေးကန် အရှင်နန္ဒာစရိယတရားပွဲ

ရန်ကုန် မတ် ၁၂

ရန်ကုန်မြို့ သွေးဆေးကန်တိုက် မဏိရတနာမိုးကုတ်ကျောင်းမှသွေးဆေး ကန် အရှင် နန္ဒာစရိယ (ခက်သင်) သာသနဓဇဓမ္မာစရိယ၊ဂန္ထဝါစကဓမ္မာ စရိယသည် ရခိုင်ပြည်နယ် ဂွမြို့နယ် မိုးကုတ်ဝိပဿနာဓမ္မရိပ်သာ အဖွဲ့ခွဲ အမှတ်(၂၀၆)၏ မတ် ၃၀ ရက်မှ ဧပြီ ၅ ရက် (တန်ခူးလဆန်း ၁၃ ရက်မှ လပြည့်ကျော် ၄ရက်)အထိ ကျင်းပမည့် (၂၂)ကြိမ်မြောက် တရားစခန်းပွဲ၌ ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ဥပနိဿယ အတိုင်းခန္ဓာဉာဏ်ရောက် ပဋိစ္စသမုပ္ပာဒ် နှင့် သစ္စာလေးပါးတရားတော်များကို ဟောကြားမည်ဖြစ်ကြောင်း သိရ သည်။ (က–ပ)

ခေတ်နှင့်အညီ တိုးတက်နေသည့်နည်းပညာများကို လေ့လာသင်ယူ စွမ်းဆောင်ရည်တိုးတက်လာပြီး နိုင်ငံတော်ကို ပိုမိုအကျိုးပြုနိုင်မည်

နေပြည်တော် မတ် ၁၂

အမှတ်(၁) စက်မှုဝန်ကြီးဌာန စက်မှုညွှန်ကြားရေးဦးစီးဌာနက ကြီးမှူးဖွင့်လှစ်သော ရုံးသုံးကွန်ပျူတာအဆင့်မြင့် သင်တန်းအမှတ်စဉ် (၁/၂၀၀၇)ဖွင့်ပွဲကို ယနေ့နံနက် ၆ နာရီခွဲတွင် နေပြည်တော်ရှိ အမှတ်(၁) စက်မှုဝန်ကြီးဌာန သင်တန်းခန်းမ၌ ကျင်းပရာ အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်း တက်ရောက်၍ သင်တန်းဖွင့်အမှာ စကားပြောကြားရာတွင် e-Government လုပ်ငန်းများ ဆောင်ရွက်သည့်အခါ အဆင်သင့် ဖြစ်နေစေရန်အတွက်လည်း ရည်ရွယ်ဖွင့်လှစ်ရခြင်းဖြစ်ကြောင်း၊ ဝန်ကြီးဌာနတစ်ခုလုံး ချိတ်ဆက်ဆောင်ရွက်နိုင်သည့်အခါ သတင်းအချက်အလက် များကို အချိန်တိုအတွင်း ရယူစီမံခန့်ခွဲနိုင်မည်ဖြစ်ကြောင်း၊ ခေတ်နှင့်အညီတိုးတက်နေသည့် နည်းပညာများကို လေ့လာ သင်ယူခြင်းအားဖြင့် မိမိတို့၏ စွမ်းဆောင်ရည်တိုးတက်လာပြီး နိုင်ငံတော်ကို ပိုမိုအကျိုးပြုနိုင်မည်ဖြစ်ကြောင်းဖြင့် ပြော ကြားသွားသည်။

အဆိုပါ သင်တန်းသို့ သင်တန်းသား၊ သင်တန်းသူ ၅၀ တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တ လေးပတ်ကြာမြင့်မည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီအား အိန္ဒိယ ကုမ္ပဏီအဖွဲ့ တွေ့ဆုံ

နေပြည်တော် မတ် ၁၂

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီအား ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီး H.E Mr. Bhaskar Kumar Mitra နှင့် အိန္ဒိယသမ္မတနိုင်ငံ OVL ကုမ္ပဏီမှ MD, Mr. R.S. Butola တို့ ဦးဆောင်သောအဖွဲ့သည် မတ် ၉ ရက် နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ ဝန်ကြီးရုံး ဧည့်ခန်းမသို့ လာရောက်တွေ့ဆုံသည်။ **(အပေါ်ပုံ)**

ထိုသို့တွေ့ဆုံရာတွင် စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် သန်းဌေး၊ စွမ်းအင်စီမံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးမြင့်၊ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးမြင့်ကြည်၊ စွမ်းအင် စီမံရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးစိုးအောင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဝန်ကြီး ဒေါက်တာချမ်းငြိမ်း အင်ဒိုနီးရှားသို့ ထွက်ခွာ

နေပြည်တော် မတ် ၁၂

ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်း ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် အင်ဒိုနီးရှားနိုင်ငံ၌ ကျင်းပမည့် (၄၂)ကြိမ် မြောက် အရှေ့တောင်အာရှ ပညာရေး ဝန်ကြီးများကောင်စီညီလာခံနှင့် ဒုတိယ အကြိမ်မြောက် အာဆီယံ ပညာရေး ဝန်ကြီးများ အစည်းအဝေးသို့ တက် ရောက်ရန် ယမန်နေ့နံနက်ပိုင်းတွင် နေပြည်တော် လေဆိပ်မှ လေကြောင်း ခရီးဖြင့် ထွက်ခွာသွားရာ အမှတ်(၂) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ် စောလွင်၊ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်၊ ပညာ ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုး ညွန့်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ က ပို့ဆောင်နှုတ်ဆက်ကြသည်။

ထိုသို့ထွက်ခွာရာတွင် အဖွဲ့ဝင်အဖြစ် ရန်ကုန် နိုင်ငံခြားဘာသာတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာမျိုးမြင့်လည်း လိုက်ပါသွားသည်။ (သတင်းစဉ်)

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် မိုးညှင်းဝိပဿနာတိုက်သစ်အတွင်းရှိ တည်ဆောက်ဆဲ ရွှေရတုစိန်တိုးကျောင်းဆောင်တော်ကြီးအတွက် ဦးကြီးစိန်- ဒေါ်စန်းကြည်တို့အား ရည်စူး၍ ကျန်ရစ်သူ သား၊ သမီး၊ မြေးတစ်စုတို့က အလှူငွေ ကျပ် ၁၅၀၀၀၀ကို ကျောင်းဆောင်ဖြစ်မြောက်ရေးအဖွဲ့ဝင် ဒေါက်တာ ဦးကိုကိုထံ ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

တောင်ကြီးမြို့ ရွှေဘုန်းပွင့် ဘုရားပွဲတော်ကျင်းပ

တောင်ကြီး မတ် ၁၂

တောင်ကြီးမြို့ ကျက်သရေဆောင် ရွှေဘုန်းပွင့် စေတီတော်မြတ်ကြီး၏ တတိယအကြိမ် ဗုဒ္ဓပူဇနိယပွဲတော်ကို ဖေဖော်ဝါရီ ၂၈ရက်မှ မတ် ၅ရက်အထိ ကျင်းပပြီး ပွဲတော်ကျင်းပနေစဉ် ကာလ အတွင်း ဆီမီးတစ်ထောင်၊ ပန်း တစ်ထောင် ကပ်လှူခြင်း၊ သစ်သီး တစ်ထောင် ကပ်လှူခြင်း၊ အသံမစဲ ပဋ္ဌာန်းပွဲ ရွတ်ဖတ်ပူဇော်ခြင်းများပြုလုပ် ခဲ့ကြောင်း သတင်းရရှိသည်။ (ကြေးမုံ)

ရန်ကုန်တိုင်း မှော်ဘီမြို့ (၂) ရပ်ကွက် နတ်စင်လမ်း ငွေစင်ရော် ပုံနှိပ်တိုက်နေ ကွယ်လွန်သူကျေးဇူးရှင် မိဘများဖြစ်ကြသော ဦးဘိုးအုပ်- ဒေါ်သိန်းညွန့်နှင့် အစ်မကြီး ဒေါ်သန်း ခင်တို့အား ရည်စူး၍ (သား) ဦးချစ် ဝေ (မော်ကွန်းဝင် ဒုတိယဆင့်)၊ (ဒေါ်အေးသင်) မိသားစုတို့က အထွေထွေ ငွေပဒေသာပင် ငွေကျပ် တစ်သိန်းကို နှင်းဆီကုန်း ဘိုးဘွား ရိပ်သာ အုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးကျော်ရှိန်(ငြိမ်း)ထံ ပေးအပ်လှူဒါန်းစဉ်။

(ဘိုးဘွားရိပ်သာ)

ကုန်စည်ပြပွဲ ပြခန်း

ပြည်ထောင်စု မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ် (၁၆) ကြိမ်မြောက် နှစ်ပတ်လည် အသင်း သားစုံညီ အစည်းအဝေး အထိမ်း အမှတ် ကုန်စည်ပြပွဲတွင် မြန်မာနိုင်ငံ ဆန်စပါး စိုက်ပျိုးထုတ်လုပ်သူများ အသင်း ပြခန်းကိုတွေ့ရစဉ်။

(ဓာတ်ပုံ ကုန်သည်/စက်မှု အသင်းချုပ်)

တရားမအထူးအယူခံမှု စီရင်ချက်ချမှတ်

နေပြည်တော် မတ် ၁၂

တရားရုံးချုပ်(ရန်ကုန်) ဒုတိယတရားသူကြီးချုပ် ဦးသိန်းစိုး၊ တရားရုံးချုပ် တရားသူကြီးများဖြစ်ကြသော ဒေါက်တာတင်အောင်အေးနှင့် ဦးတင်အေးတို့ ပါဝင်သော အထူးအယူခံခုံရုံးသည် ယနေ့နံနက် ၁၀နာရီတွင် တရားရုံးချုပ် (နေပြည်တော်) တရားခွင် အမှတ်(၁)၌ ရုံးထိုင်၍ တရားမအထူးအယူခံမှုငါးမှု ကို စီရင်ချက်ချမှတ်သည်။

ထို့ပြင် ၂၀၀၀ပြည့်နှစ် တရားစီရင်ရေး ဥပဒေပုဒ်မ ၇ အရ တင်သွင်း သည့် ပြစ်မှုဆိုင်ရာ အထူးအယူခံမှုငါးမှုကို ကြားနာကြကြောင်း သတင်း ရရှိသည်။ (သတင်းစဉ်)

ထူးခြားသည့် နေ့အပူချိန်များ

(၁၂-၃-၂၀၀၇)

အောင်လံ

၄၀ ဒီဂရီ စင်တီဂရိတ်
(၁၀၄ ဒီဂရီ ဖာရင်ဟိုက်)

မကွေး၊ ရန်ကုန်(ကမ္ဘာအေး) ပုသိမ်နှင့်ဘားအံ

၃၉ ဒီဂရီ စင်တီဂရိတ်
(၁၀၂ ဒီဂရီ ဖာရင်ဟိုက်)

အထက(၂) လမ်းမတော် (ယခင်မြမာလာ) ကျောင်းသား၊ ကျောင်းသူဟောင်းများ အာစရိယပူဇော်ပွဲ

ရန်ကုန် မတ် ၁၂

လမ်းမတော်မြို့နယ် အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်း (ယခင်မြမာလာ) ကျောင်းသူ၊ ကျောင်းသားဟောင်းများက အငြိမ်းစားယူခဲ့ကြ သည့် ဆရာ၊ ဆရာမများအား အာစရိယပူဇော်ပွဲကို မတ် ၂၅ ရက်(တနင်္ဂနွေနေ့) နံနက် ၁၀နာရီတွင် အထက်ပါကျောင်းစုံညီခန်းမ၌ ကျင်းပမည်။ မတ် ၂၀ ရက် မှစ၍ မွန်းတည့် ၁၂နာရီမှ ညနေ ၃ နာရီခွဲအတွင်း အထက်ပါကျောင်း၌ အလှူ ငွေများ ထည့်ဝင်လှူဒါန်းနိုင်ကြောင်းနှင့် ကျောင်းအုပ်ဆရာမကြီး ဖုန်း-၂၂၂၂၅၇၊ ဒေါ်သန်းသန်းညွန့် ဖုန်း-၂၂၈၁၀၄၊ ဦးကံကောင်း ဖုန်း ၀၉-၉၉-၁၃၅၂၈၊ ဦးကျင်စိန် ဖုန်း-၀၉၈၀-၃၀၂၆၁၊ ဒေါ်ကြည်ကြည်ဝင်း ဖုန်း-၃၈၀၄၀၁၊ ဦးစိန်ဝင်း ဖုန်း-၂၂၂၂၆၇နှင့် ဒေါ်ခင်အေးနွဲ့ ဖုန်း ၀၉-၂၁၃၁၉၃၉ တို့ထံ ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

ပဲခူးမြို့နှင့်ကမာရွတ်မြို့နယ်တို့၌ မီးလောင်

ရန်ကုန် မတ် ၁၂

ပဲခူးတိုင်း ပဲခူးမြို့ မမာန်းရပ်ကွက် ခေမာဇေယျလမ်း၌ မတ် ၁၁ရက် နံနက် ၁၁ နာရီခွဲခန့်တွင် မီးလောင်ကျွမ်းမှု ဖြစ်ပွားရာ အိမ်လေးလုံး မီးလောင်ဆုံးရှုံး ခဲ့သဖြင့် အိမ်ထောင်စုလေးစု အိုးမဲ့ အိမ်မဲ့ဖြစ်ပွားခဲ့ရကြောင်း၊ တာဝန်ရှိသူ များက ဆန်၊ ဆီနှင့် အခြားလိုအပ် သည်များ ပံ့ပိုးကူညီပေးလျက်ရှိကြောင်း သိရသည်။

ရန်ကုန်တိုင်း ကမာရွတ်မြို့နယ် အမှတ် (၈)ရပ်ကွက် သီရိမင်္ဂလာလမ်း သွယ်၌ မတ် ၁၂ရက် နံနက်ပိုင်းတွင် ဖယောင်းတိုင်မီးမှတစ်ဆင့် မီးလောင် ကျွမ်းခဲ့ရာ အဆိုပါအိမ်၏အပေါ်ထပ် အပိုင်းနှင့် အတွင်းပစ္စည်းအချို့မီးလောင် ဆုံးရှုံးခဲ့ကြောင်း၊ မီးလောင်ရာသို့ မီးသတ်တပ်ဖွဲ့ဝင်များ အချိန်မီရောက် ရှိပြီး မီးငြိမ်းသတ်နိုင်ခဲ့သဖြင့် မီးလောင် ဆုံးရှုံးမှု များပြားခြင်းမရှိခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မီးသုံးစွဲလျှင် အသိယှဉ် ဆင်ခြင်သတိ အမြဲရှိ

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၁၃-၃-၂၀၀၇ (အင်္ဂါနေ့)

နံနက်ပိုင်း

၇:၀၀	၁။	မြဝတီအဖွင့်
၇:၀၅	၂။	အဖွင့်သီချင်း
၇:၁၀	၃။	မျိုးချစ်တပ်မတော်
၇:၂၀	၄။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀	၅။	မြန်မာသံစဉ်ချိုနှာဝင်
၇:၄၅	၆။	မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၀	၇။	သာယာသီကြွေးခေတ်ဆန်းတေး
၇:၅၅	၈။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀	၁၀။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၁၅	၁၁။	အပိတ်နှုတ်ဆက်စကား
၈:၁၆	၁၂။	ပြီးပါပြီ။

ညပိုင်း

၄:၀၀	၁။	မြဝတီအဖွင့်
၄:၀၅	၂။	အဖွင့်သီချင်း
၄:၁၀	၃။	လက်စွမ်းပြပဟန်ဂီတသံ
၄:၁၅	၄။	အလွမ်းတေးပန်းချီချစ်သူဆီ
၄:၃၅	၅။	မြန်မာ့ရိုးရာယဉ်ကျေးမှုအဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲအစီအစဉ်
၄:၅၅	၆။	မျိုးချစ်တပ်မတော်
၅:၂၅	၇။	ပညာခေတ်
၅:၄၀	၈။	သာယာသီကြွေးခေတ်ဆန်းတေး
၆:၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀	၁၀။	နိုင်ငံတကာသတင်း
၆:၂၀	၁၁။	မိုးလေဝသသတင်း
၆:၃၀	၁၂။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆:၄၀	၁၃။	လျှပ်တစ်ပြက်ရိုက်ချက်
၇:၀၀	၁၄။	**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "မုန်တိုင်းကြားကချစ်လိပ်ပြာ" (အပိုင်း-၁၈)**
၈:၀၀	၁၅။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၆။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
	၁၇။	မွေးမြူသုတ
	၁၈။	ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
	၁၉။	**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ဝေဟင်ချစ်သူ" (အပိုင်း-၁၂)**
	၂၀။	သင့်အတွက်မနက်ဖြန်
	၂၁။	အပိတ်နှုတ်ဆက်စကား
	၂၂။	ပြီးပါပြီ။

ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်း မွေးမြူရေးဇုန်များ ကြည့်ရှုစစ်ဆေး

နေပြည်တော် မတ် ၁၂

မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် မောင်မောင်သိမ်းသည် တာဝန်ရှိသူများလိုက်ပါလျက် မတ် ၁၀ရက် နံနက်တွင် မန္တလေးတိုင်း ရမည်းသင်းမြို့နယ် အလယ်ကုန်းကျေးရွာနှင့် နဘူးကျင်းကျေးရွာ မွေးမြူရေးဇုန်(၅) ဖော်ထုတ်မည့် မြေနေရာများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

လှည့်လည်စစ်ဆေး

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် အလယ်ကုန်းကျေးရွာရှိ နွားထိုးဆည်မှ ရေရရှိနိုင်မည့် အခြေအနေများကို လည်းကောင်း၊ အလယ်ကွင်းရှိ မွေးမြူရေးဇုန် ဖော်ထုတ်နိုင်မည့် မြေနေရာများကို လည်းကောင်း၊ ငွေးတောက်ဆည်မှ ရေရရှိနိုင်မည့် အခြေအနေများကို လှည့်လည်စစ်ဆေးကာ လိုအပ်သည်များကို ညွှန်ကြားပေါင်းစပ်ဆောင်ရွက်ပေးသည်။

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် နဘူးကျင်း ရန်ကင်းတောရကျောင်း ဆရာတော် ဘဒ္ဒန္တ ဇာဂရိယအား သွားရောက်ဖူးမြော်ကာ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် ဝန်ကြီးသည် နဘူးကျင်းကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များအား တွေ့ဆုံကာ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်(၅)ရပ်ကို ရှင်းလင်းမှာကြားသည်။

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် တပ်ကုန်းမြို့နယ် ကံကြီးကျေးရွာ အမှတ်(၁) မွေးမြူရေးဇုန်ရှိ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း(ဗဟို) နို့စားနွားမွေးမြူရေးခြံနှင့် ဆိတ်မွေးမြူရေးခြံတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဝန်ကြီးနှင့်အဖွဲ့သည် မွေးမြူရေးဇုန်(၁)ရှိ ဦးကျင်စု၏ ဆိတ်မွေးမြူရေးခြံ၊ ဦးလှိုင်ငွေး၏ ဆိတ်မွေးမြူရေးခြံနှင့် ဦးနေလင်းအောင်(မျိုးကြီး) ဆိတ်မွေးမြူရေးခြံတို့ကို သွားရောက် အားပေးကြည့်ရှုသည်။

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် တပ်ကုန်းမြို့နယ် ရွှေမြို့ကျေးရွာ မွေးမြူရေး ဇုန်(၂)ရှိ မန္တလေးတိုင်း မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်၏ ဆိတ်မွေးမြူရေးခြံနှင့် နို့စားနွား မွေးမြူရေးခြံတို့ကို သွားရောက်အားပေးကြည့်ရှုကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာလူငယ်အသင်း ဒုတိယရရှိ

ရန်ကုန် မတ် ၁၂

၂၀၀၇ ခုနှစ် တတိယအကြိမ် ဘရူနိုင်းဘုရင့်ဖလား အသက်(၂၁)နှစ်အောက် လူငယ်ဖိတ်ခေါ်ဘောလုံးပြိုင်ပွဲ(Hassanal Bolkiah Trophy For U-21 ASEAN Youth Football Championship 2007) ဗိုလ်လုပွဲကို ယနေ့ ဒေသစံတော်ချိန် ည ၈နာရီ ၁၅မိနစ်တွင် ဘရူနိုင်းနိုင်ငံ ဘန်ဒါဆရီဘဂဝမ်မြို့ (Stadium Negara Hassanal Bilkiah)၌ ဆက်လက်ကျင်းပရာ မြန်မာလူငယ်ဘောလုံးအသင်းက ထိုင်းလူငယ်အသင်းကို ပယ်နယ်တီဂိုး လေးဂိုး–ငါးဂိုးဖြင့် ရှုံးနိမ့်ပြီး ဒုတိယရရှိသွားသည်။ (သတင်းစဉ်)

အဖွဲ့ချုပ်ဥက္ကဋ္ဌဖလား ဘိလိယက်ပြိုင်ပွဲ လယ်/ဆည်မှ အောင်ဌေး ပထမရရှိ

ရန်ကုန် မတ် ၁၂

မြန်မာနိုင်ငံ ဘိလိယက်နှင့်စနူကာ အဖွဲ့ချုပ်ဥက္ကဋ္ဌဖလား ဘိလိယက်ပြိုင်ပွဲနှင့် မြန်မာ့လက်ရွေးစင် အားကစားသမား ရွေးချယ်ပွဲကို မတ် ၆ရက်မှ ၁၂ရက်အထိ အောင်ဆန်းအားကစား ပြိုင်ဝင်းအထူးတန်းရှိ မြန်မာနိုင်ငံ ဘိလိယက်နှင့် စနူကာအဖွဲ့ချုပ် လေ့ကျင့်ရေးခန်းမတွင် ကျင်းပသည်။

အဖွဲ့ချုပ်ဥက္ကဋ္ဌဖလား ဘိလိယက်ပြိုင်ပွဲတွင် အောင်ဌေး(လယ်/ဆည်) ပြင်ဦးလွင်က ပထမ၊ ရန်ကုန်မြို့တော်စည်ပင်မှ ခင်မောင်ဦးက ဒုတိယ၊ ရန်ကုန်မြို့တော်စည်ပင်မှ အောင်ဆန်းဦးက တတိယနှင့် နေသွေးဦးက စတုတ္ထ ရရှိသည်။

မြန်မာ့လက်ရွေးစင် ရွေးချယ်ပြိုင်ပွဲတွင် ပထမ နေသွေးဦး၊ ဒုတိယ အောင်ဆန်းဦး၊ တတိယ အောင်ဌေးနှင့် စတုတ္ထ ခင်မောင်ဦးတို့ ရရှိကြသည်။

(ကြေးမုံ)

မြန်မာနိုင်ငံ ဘိလိယက်နှင့် စနူကာအဖွဲ့ချုပ်မှ ကျင်းပသော ၂၀၀၇ ခုနှစ် အဖွဲ့ချုပ်ဥက္ကဋ္ဌဖလား ဘိလိယက်ပြိုင်ပွဲတွင် ပထမရရှိသော အောင်ဌေး(လယ်/ဆည်) ပြင်ဦးလွင်အား မြန်မာနိုင်ငံ ဘိလိယက်နှင့် စနူကာအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးစိုးမြင့်(F.M.I)ဆုကြေးငွေကျပ်တစ်သိန်းခွဲ ချီးမြှင့်စဉ်။ (ကြေးမုံ)

အင်တာနက် အားကစားသတင်းများ

ဘရာဇီးတိုက်စစ်မှူး ရိုမာရီယို ဟက်ထရစ်ဂိုး သွင်းယူ

ရီယိုဒီဂျနေးရိုး မတ် ၁၂

ဘရာဇီးနိုင်ငံ ရီယိုဒီဂျနေးရိုးမြို့တွင် တနင်္ဂနွေနေ့ကကျင်းပသော ကာရီယိုကာ (ရီယိုဒီဂျနေးရိုး) တံခွန်စိုက်ဖလား ဘောလုံးပြိုင်ပွဲတွင် တိုက်စစ်မှူး ရိုမာရီယိုက တစ်ဦးတည်း သုံးဂိုးဆက်တိုက် သွင်းယူကာ ဟက်ထရစ် ရရှိသည်။ ရိုမာရီယိုသည် ယခုနှစ်အတွင်း ဒုတိယအကြိမ် ဟက်ထရစ်ဂိုးများ သွင်းယူနိုင်ခြင်းဖြစ်ကြောင်း ယနေ့ အင်တာနက်သတင်းတွင် ဖော်ပြသည်။

အဆိုပါပွဲတွင် ရိုမာရီယို၏ ဗာစကိုဒဂါးမားဘောလုံးအသင်းက မာဒူရီယာအသင်းကို လေးဂိုး–တစ်ဂိုးဖြင့် အနိုင်ရရှိသည်။

ရိုမာရီယိုသည် ၎င်း၏ ဘောလုံးသမားဘဝတွင် ယခုအချိန်အထိ ၉၉၅ ဂိုးသွင်းယူနိုင်ခဲ့ပြီးဖြစ်သည်။

အင်တာနက်။

ဂိုး ၁၀၀၀မြောက် သွင်းယူရန် မဝေးတော့သည့် ဘရာဇီးတိုက်စစ်မှူး ရိုမာရီယို။ *(ဓာတ်ပုံ–အင်တာနက်)*

ဝါဒါဘရီမင်နှင့် ဘေယန်မြူးနစ် တစ်ဖက်တစ်ဂိုးစီဖြင့် သရေကျ

ဘာလင် မတ် ၁၂

ဂျာမနီ ဘွန်ဒက်စ်လီဂါဘောလုံးပြိုင်ပွဲကို တနင်္ဂနွေနေ့က ကျင်းပသည်။ ဂျာမနီတောင်ပိုင်း မြူးနစ်မြို့ရှိ အလိုင်းယင့်စ် အာရီနာအားကစားကွင်းတွင် ဝါဒါဘရီမင်အသင်းနှင့် ဘေယန်မြူးနစ်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ တစ်ဖက်တစ်ဂိုးစီဖြင့် သရေကျခဲ့သည်။

ပွဲချိန်ခုနစ်မိနစ်တွင် လူကပ်စ်ပိုဒေါစကီး၏ အဖွင့်ဂိုးနှင့်အတူ ဘေယန်မြူးနစ်က ဦးဆောင်ကစားခဲ့သည်။ ဘေယန်မြူးနစ်အသင်းသည် လက်ရှိ ဘောလုံးရာသီအတွင်း အကောင်းဆုံးသော တိုက်စစ်ကစားကွက်များဖြင့် ကစားနိုင်ခဲ့သော်လည်း အခွင့်အရေးကို ပိုင်ပိုင်နိုင်နိုင် အသုံးမချနိုင်သဖြင့် နောက်ထပ် ဂိုးသွင်းနိုင်ခြင်းမရှိပေ။

ဝါဒါဘရီမင်အသင်းအတွက် ချေပဂိုးကို ပွဲချိန် ၆၆ မိနစ်တွင် ဆွီဒင်လူမျိုး တိုက်စစ်မှူး မားကပ်စ်ရိုမင်ဘာ့ဂျ်က သွင်းယူခဲ့သည်။

အင်တာနက်။

ဂျူဗင်းတပ်စ်အသင်း၏တိုက်စစ်မှူး ဒေးဗစ်ထရက်ဇီဂေး။ *(ဓာတ်ပုံ–အင်တာနက်)*

အက်ဖ်အေဖလား ကွာတားဖိုင်နယ်ပွဲ ဘလက်ဘန်းနှင့် ဝပ်ဖို့ဒ်အနိုင်ရ

ဘလက်ဘန်း မတ် ၁၂

အင်္ဂလိပ်အက်ဖ်အေဖလား ကွာတားဖိုင်နယ်အဆင့် ဘောလုံးပြိုင်ပွဲကို ဘလက်ဘန်းမြို့တွင် မတ် ၁၁ ရက်က ကျင်းပရာ ဘလက်ဘန်းအသင်းက မန်ချက်စတာစီးတီးအသင်းကို နှစ်ဂိုး–ဂိုးမရှိဖြင့် အနိုင်ရရှိသည်။

ပွဲချိန် ၂၈ မိနစ်တွင် ဘလက်ဘန်းအသင်းမှ တောင်အာဖရိကနိုင်ငံသား မိုကီနာက အဖွင့်ဂိုးသွင်းယူခဲ့သည်။ သို့သော် ပွဲချိန် ၆၉ မိနစ်တွင် မိုကီနာ ထုတ်ပယ်ခံခဲ့ရသဖြင့် ၁၀ ဦးတည်းဖြင့် ဆက်လက်ကစားခဲ့ရသည်။ မိုကီနာသည် ဘလက်ဘန်းအသင်းအတွက် ပထမဆုံးအကြိမ် ဂိုးသွင်းနိုင်ခြင်းဖြစ်သလို ပထမဆုံးအကြိမ် ထုတ်ပယ်ခံရခြင်းလည်း ဖြစ်သည်။

ဘလက်ဘန်းအသင်းအတွက် ဒုတိယမြောက်ဂိုးကို ပွဲချိန် မိနစ် ၉၀ တွင် ဒါဘီရှိုင်းယားက သွင်းယူခဲ့သည်။

ပလိုင်းမောက်–ဝပ်ဖို့ဒ်

အင်္ဂလန်တောင်ပိုင်း ပလိုင်းမောက်မြို့တွင် ပလိုင်းမောက်အသင်းနှင့် ဝပ်ဖို့ဒ်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ၌ ဝပ်ဖို့ဒ်အသင်းက တစ်ဂိုး–ဂိုးမရှိဖြင့် အနိုင်ရရှိသည်။

ဝပ်ဖို့ဒ်အသင်းမှ ဘူအက်ဇာက ပွဲချိန် ၂၁ မိနစ်တွင် တစ်လုံးတည်းသော အနိုင်ဂိုးကို သွင်းယူခဲ့သည်။ **အင်တာနက်။**

မတ် ၁၁ရက်က ဘလက်ဘန်းမြို့တွင်ကျင်းပသော အက်ဖ်အေဖလား ဘောလုံးပြိုင်ပွဲတွင် ဘလက်ဘန်းအသင်းမှ မော်တင်ပဒါဆင်(ယာ)နှင့် မန်စီးတီးအသင်းမှ ဂျိုင်းဘာတန်တို့ ရင်ဆိုင်တွေ့စဉ်။ *(ဓာတ်ပုံ–အင်တာနက်)*

တိုက်စစ်မှူး ထရက်ဇီဂေး ပွဲပယ်ပြစ်ဒဏ် ချမှတ်ခံရ

ရောမ မတ် ၁၂

ဂျူဗင်းတပ်စ်အသင်း၏ တိုက်စစ်မှူး ဒေးဗစ်ထရက်ဇီဂေးအား ဘောလုံးပွဲ သုံးပွဲ ပွဲပယ်ရန် အီတလီဘောလုံးအဖွဲ့ချုပ်အောက်ရှိ စည်းကမ်းထိန်းသိမ်းရေးကော်မရှင်က ပြစ်ဒဏ်ချမှတ်လိုက်ကြောင်း ယနေ့အင်တာနက်သတင်း၌ ဖော်ပြသည်။

အသက် (၂၉)နှစ်အရွယ်ရှိ ပြင်သစ်လူမျိုးလက်ရွေးစင်ဘောလုံးသမားတစ်ဦးလည်းဖြစ်သူ ထရက်ဇီဂေးသည် စနေနေ့က ကျင်းပခဲ့သော စီးရီးဘီဘောလုံးပြိုင်ပွဲ၌ ဘရက်စီယာအသင်းမှ ဖာဘီယန်နိုဆန်တာခရိုစီ၏ မျက်နှာကို တံတောင်ဖြင့် တွန်းတိုက်ခဲ့မှုဖြင့် အပြစ်ရှိသည်ဟု စည်းကမ်းထိန်းသိမ်းရေးကော်မရှင်က ဆုံးဖြတ်ခဲ့သည်။ အဆိုပါပွဲတွင် ဂျူဗင်းတပ်စ်အသင်းကို ဘရက်စီယာအသင်းက သုံးဂိုး–တစ်ဂိုးဖြင့်အနိုင်ရရှိခဲ့သည်။ **အင်တာနက်။**

တေလာနှင့် ချားလ်စ်တို့ကို နယူးကာဆယ် လက်လွှတ်မခံ

လန်ဒန် မတ် ၁၂

မိမိတို့အသင်းမှ စတီဗင်တေလာနှင့် ချားလ်စ် အင်န်ဖိုဘီယာတို့အား မည်သည့်အခါတွင်မျှ ရောင်းချလိမ့်မည် မဟုတ်ကြောင်း နယူးကာဆယ်ယူနိုက်တက်အသင်း မန်နေဂျာ ဂလင်းရိုဒါက ယနေ့ပြောကြားလိုက်သည်။

တေလာသည် အင်္ဂလန် အသက် (၂၁)နှစ်အောက် လက်ရွေးစင်အသင်း၏ နောက်တန်းလူ တစ်ဦးလည်းဖြစ်ပြီး ၎င်းကို ချယ်လ်ဆီးအသင်းကခေါ်ယူရန် စိတ်ဝင်စားလျက်ရှိသည်ဟု တနင်္ဂနွေနေ့သတင်းများတွင် တင်ပြခဲ့သည်။

အားထား

ချယ်လ်ဆီးအသင်းသည် မိမိတို့ကို တရားဝင်ဆက်သွယ်ပြောဆိုခြင်းမရှိသေးကြောင်း၊ တေလာနှင့်ချားလ်စ်တို့သည် လူငယ်ဘောလုံးသမားများဖြစ်ကြပြီး မိမိတို့အသင်း၏ အနာဂတ်အင်အားအဖြစ် ၎င်းတို့ကို အားထားကြောင်း ရိုဒါက ပြောကြားသည်။ **အင်တာနက်။**

စတီဗင်တေလာ

နယူးကာဆယ် ယူနိုက်တက် အသင်းမှ နောက်ခံလူ စတီဗင် တေလာ။ *(ဓာတ်ပုံ–အင်တာနက်)*

လှိုင်သာယာ-အသုတ်(ရေကြည်)ရေဝတီမြစ်ကျော် မဟာဓာတ်အားလိုင်း တည်ဆောက်ပြီးစီးမှုအခမ်းအနား ကျင်းပ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းသို့ လျှပ်စစ်ဓာတ်အား ပိုမိုဖြန့်ဖြူးပေးနိုင်ရေး အထောက်အကူဖြစ်

ရန်ကုန် မတ် ၁၂

လှိုင်သာယာ–အသုတ်(ရေကြည်) 230 KV ဧရာဝတီမြစ်ကျော် မဟာဓာတ်အားလိုင်း တည်ဆောက်ပြီးစီးမှုအခမ်းအနားကို ဧရာဝတီတိုင်း ပန်းတနော်မြို့နယ် ကဇင်းတောကျေးရွာ၌ မတ် ၁၁ ရက် နံနက်ပိုင်းတွင်ကျင်းပရာ အခမ်းအနားသို့ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်လှဋ္ဌေးဝင်း၊ ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်၊ အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်၊ ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ဥက္ကဋ္ဌ ဗိုလ်မှူးကြီးခင်မောင်စိုး၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး၊ တိုင်း၊ ခရိုင် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ရပ်မိရပ်ဖများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဓာတ်အားပို့လွှတ်ရေးစီမံကိန်း (တောင်ပိုင်း) ညွှန်ကြားရေးမှူး ဦးသိန်းလှိုင်က လှိုင်သာယာ–အသုတ်(ရေကြည်) 230 KV မဟာဓာတ်အားလိုင်းမှာစုစုပေါင်း ၇၃ မိုင်ဖြစ်ပြီး မြစ်ကျော် ဓာတ်အားလိုင်းမှာ ၁ ဒသမ ၃၆ မိုင်ဖြစ်ကြောင်း၊ တာဝါတိုင်ပေါင်း ၁၁၉တိုင်ဖြစ်ပြီး ဓာတ်အားလိုင်း **စာမျက်နှာ ၉ ကော်လံ ၅ သို့** ➪

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်လှဋ္ဌေးဝင်း၊ ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်တောင်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်နှင့် အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်တို့ ဧရာဝတီမြစ်ကျော် မဟာဓာတ်အားလိုင်းတည်ဆောက်မှု အခြေအနေကို ကြည့်ရှုစစ်ဆေးကြစဉ်။
(သတင်းစဉ်)

နိုင်ငံတော်သစ္စာထူထောင်ရာ၌ ရေရှည်တည်တံ့ခိုင်မြဲရန်နှင့် အစဉ်ဖွံ့ဖြိုးတိုးတက်နေရန်လို မှန်ကန်သည့် မူဝါဒ၊ လမ်းစဉ်အပေါ်အခြေခံပြီး စေတနာပါသည့် လက်တွေ့ဆောင်ရွက်မှုများကို နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့်ပြည်သူ ပူးပေါင်းဆောင်ရွက်ခဲ့သည့်အတွက် အေးချမ်းဖွံ့ဖြိုးနေ

ရန်ကုန် မတ် ၁၂

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အမှုဆောင်များ အဆင့်မြင့်စီမံခန့်ခွဲရေး(အထူး)သင်တန်း အမှတ်စဉ်(၅) သင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် ရန်ကုန်တိုင်း မှော်ဘီမြို့နယ်ရှိ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းသင်တန်းကျောင်း ပြည်ထောင်စုခန်းမ၌ကျင်းပရာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဦးဌေးဦး တက်ရောက်၍ သင်တန်းဖွင့်အမှာစကား ပြောကြားသည်။စာမျက်နှာ ၁၀ ကော်လံ ၁ သို့ ❍

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဦးဌေးဦး ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အမှုဆောင်များ အဆင့်မြင့်စီမံခန့်ခွဲရေး (အထူး) သင်တန်း အမှတ်စဉ်(၅) သင်တန်းဖွင့်ပွဲတွင် အမှာစကား ပြောကြားစဉ်။
(သတင်းစဉ်)

တိမ်အသင့်အတင့်

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

မရမ်းကုန်းမြို့နယ်မင်းဓမ္မလမ်းရှိ မြန်မာကွန်ဗင်းရှင်း စင်တာခန်းမ၌ပြည်တွင်းပြည်ပ ရတနာကုန်သည်များ ကျောက် စိမ်းအတွဲများကို ကြည့်ရှုလေ့လာကြစဉ်။(သတင်း–၉)(သတင်းစဉ်)

အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝင်းသူဇာဆိုင်များတွင် အထူးလျှော့ဈေးဖြင့် ရောင်းချပေးနေ

ရန်ကုန် မတ် ၁၂

(၆၂)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် အမှတ်(၁) စက်မှုဝန်ကြီးဌာနမှ ထုတ်လုပ်သည့် လူသုံးကုန်၊ အိမ်သုံးကုန်ပစ္စည်းများကို ဝင်းသူဇာဆိုင်အသီးသီးတွင် မတ် ၁ ရက်မှ ၃၁ ရက်အထိ အထူးလျှော့ဈေးဖြင့် ရောင်းချပေးလျက်ရှိရာ မည်သူမဆို လွတ်လပ်စွာဝယ်ယူအားပေးနိုင်ကြောင်း သိရှိရသည်။
(သတင်းစဉ်)